EVERY FRIDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၇)

"ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ"

(ဖေဖော်ဝါရီ ၂၃ – မတ် ၁၊ ၂၀၁၈)



## "ပြင်ဆင်လိုက်တဲ့ မူးယစ်ဆေးဝါးဥပဒေသစ်က ဆီးလိုက်ပြီး ဥပဒေကို ငွေနဲ့ဝယ်နေတဲ့စနစ်ကို ပြင်လိုက်နိုင်လို့ မသမာမှုတွေ တော်တော်လျော့ကျသွားမယ်" ဆိုတဲ့ တရားလွှတ်တော်ရှေ့နေ

ဦးတင်ထွန်းသိန်းနှင့် မူးယစ်ဆေးဝါးဥပဒေသစ် ရှင်းတမ်း

စာ – ၁၆/၁၇ သို့ »

## နောင်မွန်ဘုရားကျောင်းအသစ်တက်ပွဲသွားသည့် ပူတာအိုမှ နှစ်ခြင်းခရစ်ယာန် လူငယ် ၁၉ ဦးကို အပြန်လမ်းတွင် တားဆီးခံရ



စာ – ၃ သို့ »

ဓါတ်ပုံ - ဇိုနော(ပူတာအို)

## ကချင်ပါတီများ ပေါင်းစည်းပြီးနောက် ကချင်အမျိုးသား ကွန်ကရက်ပါတီဟူသော အမည်အသစ် အသုံးပြုမည်

စာ – ၂ သို့ »

## ငွေထုပြည်သူ့စစ်က နောင်းခူးကျေးရွာမှ သစ်ပင်များအား ခုတ်ထွင်နေခြင်းကို ဒေသခံများမကျေနပ်

စာ – ၁၅ သို့ »

## ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကျေနပ်မှုမရှိပါက မြို့နယ်အုပ်ချုပ်ရေးမှူးထံ တိုင်ကြားနိုင်

စာ – ၅ သို့ »

## ငါးလုပ်ငန်းဦးစီးဌာနတွင် ဝန်ထမ်းအင်အား မလုံလောက်၍ အဆိပ်ခတ် ဖမ်းဆီးနေသူများကို မစစ်ဆေးနိုင်ဟုဆို

စာ – ၁၃ သို့ »

## ၂၀၁၇ ကျောက်မျက်ရတနာ ဥပဒေစိစစ်မှုကြမ်းတွင် ပါရှိသော အချို့အချက်များကြောင့် ယခုလအတွင်း ဆန္ဒထုတ်ဖော်သွားမည်

စာ – ၆ သို့ »

## တပ်မတော်က တိုင်းရင်းသားလက်နက်ကိုင်များကို စတင်ထိုးစစ်ဆင်ခြင်းမရှိဟု ဒုတိယဗိုလ်ချုပ်ကြီးပြော

စာ – ၇ သို့ »

MORNING STAR COMPUTER TRAINING CENTER

Available Course

ကွန်ပျူတာ ပြုပြင်
မိတ္တူ ကွန်ပျူတာ စာစီ/စာရိုက်
ဗိတ်စာအမျိုးမျိုး လိပ်စာကဒ်
ပလတ်စတစ်ကဒ်လောင်း

CD/ DVD cover design
vinyl ဆိုင်းဘုတ်ဒီဇိုင်း နှင့်
ဘောက်ချာများကိုလည်း
လူကြီးမင်းတို့ စိတ်တိုင်းကျ
လုပ်ဆောင်ပေးနေပါသည်

- Microsoft Essential Course
- Adobe Photoshop
- Adobe InDesign
- Adobe Illustrator
- Sound Editing
- AutoCAD
- Programming
- Photoshop For Fashion Designer
- Advance Excel
- A+
- Networking
- Video Editing
- Web Design
- Data Base
- Book Keeping

ဝါရင့် ကျွမ်းကျင်ဆရာများ
ကိုယ်တိုင် ဦးစီး၍
လက်တွေ့သင်ခန်းစာများဖြင့်
သင်ကြားပို့ချပေးနေပြီ။

Professional တစ်ဦးအဖြစ်
ရပ်တည်လိုသူများ၊
ရန်ကုန်၊ မန္တလေးသွားရန်မလို
မိမိနေရပ်တွင် သင်ကြားနိုင်ပြီ။

contact address - DK (458), Duka Htawng, Myitkyina Ph: 09 - 420085928, 09 -258645302, 09-793761804, Email: morningstar2002@gmail.com

မြစ်ကြီးနားသတင်းဂျာနယ်
(ဖေဖော်ဝါရီ ၂၃ - မတ် ၁၊ ၂၀၁၈)

# ကချင်ပါတီများပေါင်းစည်းပြီးနောက် ကချင်အမျိုးသားကွန်ဂရက်ပါတီဟူသော အမည်အသစ် အသုံးပြုမည်





မနောင်ကွင်း မဂ္ဂယ်ခန်းမတွင် သတင်းမီဒီယာများနဲ့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်နေစဉ်

ဓါတ်ပုံ - Salai

ဖေဖော်ဝါရီ ၂၀

ကချင်နိုင်ငံရေးပါတီများ ပေါင်းစည်းပြီးနောက် ကချင်အမျိုးသားကွန်ဂရက်ပါတီ (KNCP)ဟု အမည်ပေးရန် ပါတီသုံးခုက သဘောတူထားကြောင်း အသိပေးကြေညာခဲ့သည်။

အဆိုပါ ကချင်နိုင်ငံရေးပါတီများ ပေါင်းစည်းပြီးနောက်တွင် အသုံးပြုမည့်ပါတီအမည်၊ အလံနှင့် အမှတ်တံဆိပ်များ ရွေးချယ်ထားခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်က မြစ်ကြီးနားမြို့ မနောင်ကွင်းရှိ မဂ္ဂယ်ခန်းမ၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီး ပြည်သူများအား အသိပေးကြေညာခဲ့သည်။

ကချင် နိုင်ငံရေးပါတီများ ပေါင်းစည်းရေးတွင် ကချင်ဒီမိုကရက်တစ်ပါတီ (KDP)၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီ(KSDP)နှင့် ကချင်အမျိုးသားကွန်ဂရက်ပါတီ (KNC)တို့ ပါဝင်ကာ ၎င်းတို့ကိုယ်တိုင် ဆက်လက်အသုံးပြုမည့် ပါတီအမည်၊အလံနှင့် အမှတ်တံဆိပ်တို့ကို ရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

"တံဆိပ်က ကချင်အမျိုးသားအလံ ဓားနှစ်လက် အပေါ်အနီ အောက်အစိမ်းနဲ့၊ အပေါ်ထောင့်မှာ ကြယ်ဖြူတစ်ပွင့် ပါဝင်မယ်"ဟု ကချင်အမျိုးသားကွန်ဂရက်ပါတီမှ ဥက္ကဋ္ဌ ဒေါက်တာ M ကောန်လက နောင်တွင် ၎င်းတို့အသုံးပြုမည့် အလံအကြောင်း ရှင်းပြသည်။

ပေါင်းစည်းလိုက်သည့် ကချင်ပါတီ ၃ ပါတီက သဘောတူရွေးချယ်ထားသော ပါတီအမည်နာမ၊ လိုဂိုနှင့်အလံတို့နှင့် ပတ်သက်၍ ကျင်းပကာ လာမည့် မတ်လ ၃၀ ရက်တွင် ပြည်သူလူထု၏ သဘောထားဆန္ဒကိုခံယူမည့် ညီလာခံတစ်ရပ်ကို ကချင်အမျိုးသားများအတိုင်ပင်ခံအဖွဲ့က ဦးဆောင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသဘောထားဆန္ဒခံယူမည့်ညီလာခံတွင်ပြည်သူလူထုနှင့် တွေ့ဆုံပြီး မိမိတို့ပါတီများသဘောတူရွေးချယ်ထားသည်များကို တင်ပြသွားမည်ဖြစ်ကာ ရရှိလာမည့်ရလဒ်ကို အတည်ပြုသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ ဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ရှင်းပြပြောဆိုသည်။

"KNCP ဆိုတာ တရားဝင်ပါတီ မဟုတ်သေးဘူး။ ပါတီတစ်ခုကို တည်ဆောက်မယ်ဆိုရင် နာမည်ဘယ်လိုပေးရင်ကောင်းမလဲဆိုတဲ့ဟာကို အရင်ညှိပြီး သဘောတူညီထားတာပါ။ လူထုကိုယ်စားလှယ်တွေရဲ့ အသိအမှတ်ပြုမှု မရရှိသေးဘူး။ မှတ်ပုံတင်ရထားတာလဲ မဟုတ်သေးဘူး။ ဒါကြောင့် ညီလာခံမှာအတည်ပြုမှုရယူရမှာပါ"ဟု ဒေါက်တာတူးဂျာက ပြောသည်။

ကချင်နိုင်ငံရေးပါတီများ ပေါင်းစည်းရေးအတွက် ၂၀၀၃ ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့ကြသော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း၊ ယခုကဲ့သို့ပါတီများ ပေါင်းစည်းလာနိုင်ရေးအတွက် အလွန်ခက်ခဲသောအခြေအနေများအား ဖြတ်သန်းခဲ့ရကြောင်း ကချင်ဒီမိုကရက်တစ်ပါတီ(KDP)မှ ဥက္ကဋ္ဌ ဦးအောင်ခမ်းက ပြောသည်။

"ပေါင်းတယ် ပြန်ဖျက်တယ်ဆိုတဲ့အပိုင်းတွေ ရှိခဲ့တယ်။ ပေါင်းစည်းတယ်ဆိုတာ မလွယ်ဘူး။ တကယ်တမ်း စိတ်ဆန္ဒရှိမှပဲ ပေါင်းစည်းနိုင်တာပါ။ သုံးပါတီဟာ ပေါင်းစည်းဖို့စိတ်ဆန္ဒ တကယ်ရှိတယ်။ ကချင် အမျိုးသားအတွက် ကချင်ပြည်နယ်အတွက် စုစည်းရမယ်ဆိုတာကို လက်ခံတယ်။ ဒါကြောင့် ဒီနေ့ ဒီအချိန်မှာ ပေါင်းစည်းလာနိုင်တာဖြစ်တယ်"ဟု ဦးအောင်ခမ်းက ပြောသည်။

ယခုကဲ့သို့ ကချင်နိုင်ငံရေးပါတီများ ပေါင်းစည်းနိုင်ခဲ့ရခြင်းမှာ ပြည်သူလူထု၏သဘောထားဆန္ဒနှင့် တောင်းဆိုမှုအရကြောင့်သာဖြစ်ပြီး အနာဂတ်တွင် တစ်ပါတီချင်းအနေနှင့် လျှောက်လှမ်းနေမည်ဆိုပါက အောင်မြင်မှုရရှိမည်မဟုတ်ကြောင်း ၎င်းကထပ်မံပြောကြားသည်။

"အောင်မြင်မှာ မဟုတ်ဘူး။ ဒါကြောင့်မို့ နိုင်ငံရေးအရ အောင်မြင်ဖို့ဆိုရင် ပေါင်းစည်းဖို့လိုတယ်။ ဒါကြောင့် ပေါင်းစည်းဖို့ ကြိုးစားခဲ့တာ"ဟု ဦးအောင်ခမ်းက ဆက်လက်ပြောသည်။

ကချင်နိုင်ငံရေးပါတီ ၇ ပါတီ ရှိသည့်အနက် သုံးပါတီမှာ ပေါင်းစည်းနိုင်ခဲ့ပြီး အခြားပါတီ ၄ ပါတီကိုလည်း ပေါင်းစည်းရေးတွင် ပါဝင်လာရန် လူထုညီလာခံ မကျင်းပမီ ကချင်အမျိုးသားများ အတိုင်ပင်ခံအဖွဲ့က ဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ဒေါက်တာတူးဂျာက ဆိုသည်။

ကချင်နိုင်ငံရေးပါတီကြီး တစ်ခုပေါ်ထွန်းလာပါက ပွင့်လင်းမြင်သာသည့်ရွေးကောက်ပွဲစနစ်ဖြင့် ဦးဆောင်မည့် ခေါင်းဆောင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ ရွေးချယ်သွားမည်ဖြစ်ကြောင်း ဒေါက်တာ M ကောန်လက ရှင်းပြသည်။

"၃၀ ရက်နေ့မှာ ပါဝင်လာတဲ့ ကျန်တဲ့ပါတီတွေအနေနဲ့ ကျွန်တော်တို့ ဦးဆောင်တဲ့လက်အောက်မှာ လုပ်ရမယ်လို့ မရည်ရွယ်ဘူး။ ရွေးချယ်မှုစနစ်တစ်ခု လုပ်ထားတယ်။ ကျန်တဲ့လေးပါတီလာခဲ့သော် လူထုက ဆောင်ရွက်ချင်စိတ်ရှိခဲ့သော် တစ်ပါတီချင်းစီရဲ့ အရေးအတွက်တူတဲ့ ပဟိုကော်မတီဝင်တွေနဲ့ ပွင့်လင်းမြင်သာတဲ့ရွေးကောက်ပွဲစနစ် လုပ်သွားမှာပါ"ဟု ၎င်းကပြောသည်။

ကချင်နိုင်ငံရေးပါတီများ ပေါင်းစည်းရေးတွင် မပါဝင်သေးသည့် ကျန် ၄ ပါတီမှာ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ (ကချင်ပြည်နယ်)၊ လော်ဝေါ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ(LNUDP)နှင့် မကြာမီက တည်ထောင်လိုက်သည့် ဒေါ်ဘောက်ဂျာနှင့် ဦးစီစီနော်ဂျာတို့ ဦးဆောင်သည့် ပြည်ထောင်စု တိုင်းရင်းသားများ ဖက်ဒရယ်ဒီမိုကရေစီပါတီတို့ဖြစ်ကြောင်း၊ ထိုပါတီများအား ညီလာခံမကျင်းပမီ တစ်လအတွင်း ပေါင်းစည်းလာရန် ညှိနှိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။

လော်ဝေါ်အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (LNUDP)သည် ပဟိုကော်မတီ အစည်းအဝေးအား ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ပြုလုပ်ခဲ့ပြီး ထိုအစည်းအဝေးတွင် လော်ဝေါ်လူထုများက ပေါင်းစည်းရေးအတွက်ပါဝင်ခြင်းကို လက်မခံသည့်အတွက်ကြောင့် သီးသန့်ပါတီအနေဖြင့်သာ ဆက်လက်ရပ်တည်သွားမည်ဟု ပါတီဥက္ကဋ္ဌ ဦးလခမ်ဒေါင်ခမ်းက ပြောကြားခဲ့သည်။

ထို့အပြင် ဖေဖော်ဝါရီလ ၂၀ ရက်က ပြုလုပ်သည့် အစည်းအဝေးတွင် ကချင်နိုင်ငံရေးပါတီများ ပေါင်းစည်းရေးကော်မတီက နိုင်ငံရေးမူဝါဒများနှင့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့ကြကြောင်း သဘောထားထုတ်ပြန်ချက် တစ်ရပ်ထုတ်ပြန်ခဲ့သည်။

ယင်းမူဝါဒများမှာ ပြည်နယ်ပေါင်းစုမှုကို အခြေခံသောပြည်ထောင်စုမူအပေါ် ရပ်တည်ရန်၊ ဖက်ဒရယ်စနစ်ကိုအခြေခံသော ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ဖော်ဆောင်သွားရန်၊ နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုသော သာတူညီမျှစီးပွားရေးစနစ်ကို ဖော်ဆောင်ရန်နှင့် နိုင်ငံတကာအဆင့်မီသော ပညာရေးစနစ်၊ ကျန်းမာရေးစနစ်နှင့် ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်သော လူမှုဘဝတည်ဆောက်သွားရန် စသည့်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မူဝါဒသုံးရပ်ကို ချမှတ်ခဲ့သည်။

"ငြိမ်းချမ်းရေးကို ဘာလို့ရှေ့မတင်သလဲဆိုတော့ ငြိမ်းချမ်းရေးထက် အရေးကြီးတဲ့ မူလဇာစ်မြစ်ဖြစ်တဲ့ ဖက်ဒရယ်ကို အကောင်အထည်ဖော်မှာမို့လို့ပါ။ ဖယ်ဒရယ်ကို အကောင်အထည်ဖော်မယ်ဆိုရင် ငြိမ်းချမ်းရေးဟာ လွယ်ကူစွာ ပြီးမြောက်မယ်လို့ ခံယူပါတယ်"ဟု ဒေါက်တာM ကောန်လက ပြောသည်။

ကချင်ပါတီများပေါင်းစည်းနိုင်ရေးအတွက်၆နှစ်ကြာခန့် ဆွေးနွေးမှုများအကြိမ်ကြိမ်ပြုလုပ်ခဲ့ကြရာမှ ယခုအဖြေကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၀၃ ရက်က မြစ်ကြီးနားမြို့ရှိ YMCA ခန်းမတွင် ပါတီပေါင်းစည်းရေး အထူးအစည်းအဝေးအနေဖြင့် ကချင်ပါတီ ၄ ပါတီ တွေ့ဆုံကာ ဆွေးနွေးခဲ့ကြပြီး ယင်းအနက်သုံးပါတီက ပေါင်းစည်းရန် MOU လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

ထို့အပြင် ဖေဖော်ဝါရီလ ၁၅ နှင့် ၁၆ ရက်တို့တွင် မနောကွင်းရှိ မဂ္ဂယ်ခန်းမ၌ ထပ်မံတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ယခုကဲ့သို့ ပါတီအမည်နာမ၊ လိုဂိုနှင့်အလံတို့ကို ရွေးချယ်ကာ သဘောတူညီမှုရယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၆ခုနှစ်ဧပြီလမှစတင်ကာ ကချင်လေးပါတီ ဖြစ်သည့် ကချင်ပြည်နယ် ဒီမိုကရေစီပါတီ (KSDP)၊ ကချင်ဒီမိုကရက်တစ်ပါတီ(KDP)၊ကချင်အမျိုးသားကွန်ဂရက်ပါတီ (KNC)၊ လော်ဝေါ်အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (LNUDP) တို့သည် နိုင်ငံရေးပါတီဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းလုပ်ဆောင်နိုင်ရန်အတွက် KPCC အဖွဲ့အစည်းဟူ၍ ဖွဲ့စည်းပြီး နိုင်ငံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

Salai

# နောင်မွန်ဘုရားကျောင်းအသစ်တက်ပွဲသွားသည့် ပူတာအိုမှ နှစ်ခြင်းခရစ်ယာန်လူငယ် ၁၉ ဦးကို အပြန်လမ်းတွင် တားဆီးခံရ


မဂွေဇဂိတ်တွင် သွားလာခွင့်ပိတ်ထားသဖြင့် စောင့်ဆိုင်းနေပုံ ဓါတ်ပုံ - ဂျိုး(ပူတာအို)

ဖေဖော်ဝါရီ ၂၀

ယခုလ ၁၅ ရက်နေ့က ဖွင့်လှစ်ခဲ့သည့် နောင်မွန်မြို့မှ ဘုရားကျောင်းအသစ်တက်ပွဲသို့ လုပ်အားဒါနပြုရန်သွားပြီးပြန်လာခဲ့သည့် ပူတာအိုမြို့နယ်မှ လူငယ် ၁၉ ဦးအား ခလရ - ၁၃၇ နှင့် ဌာနေပြည်သူ့စစ်များက မဂွေဇဂိတ်စခန်းတွင် တားဆီးခဲ့ကြောင်း ဒေသခံဓမ္မဆရာများက ပြောသည်။

"သူတို့က ၁၆ ရက်မှာ ပြန်လာတာ။ အပြန်လမ်းမှာနောင်မွန်မြို့နယ် တားဆီးရေးဂိတ်မှာထိုင်တဲ့ ခလရ - ၁၃၇ နဲ့ ဌာနေပြည်သူ့စစ်များက တားပြီးစစ်ဆေးခဲ့တာ။ မှတ်ပုံတင်မပါတဲ့ တခြားဓရီးသွားဧည့်သည်တွေကိုတော့ သွားခိုင်းလိုက်ပြီး နှစ်ခြင်းလူငယ်တွေကိုတော့ သီးခြားစစ်ဆေးပြီး သွားခွင့်မပေးတာ။ သူတို့ကို မနက် ၈ နာရီကနေ ညနေ ၆ နာရီအထိ တားဆီးထားခဲ့တာ"ဟု ဓမ္မဆရာဆင်ပေးကပြောသည်။

ထိုလူငယ်များအား တားဆီးစစ်ဆေးခြင်းမှာ လုံခြုံရေးအရ စစ်ဆေးခြင်းဟု ထိုဂိတ်မှ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

"ဒီကလေးတွေက ဘာအပြစ်မှ ကျူးလွန်ထားခြင်းမရှိဘူး။ ဘာသာရေးအတွက် စေတနာနဲ့ သွားရောက်ခဲ့ကြတာ။ ဒီလိုလုပ်ခြင်းအားဖြင့် စည်းလုံးမှုကို အများကြီးထိခိုက်ပါတယ်။ ဒါဟာ မဖြစ်သင့်ဘူးလို့ မြင်ပါတယ်"ဟု နောင်မွန်မြို့နယ်မှ ဓမ္မဆရာတစ်ဦးကဆိုသည်။

အဆိုပါ တားဆီးခံရသည့် လူငယ် ၁၉ ဦးအနက် ၁၅ ဦးကို ယခုလ ၁၈ ရက်နေ့တွင်ပြန်လည်လွှတ်ပေးခဲ့ပြီး ကျန်လေးယောက်မှာမူ မှတ်ပုံတင်မရှိသည့် လူငယ်များဖြစ်သည့်အတွက် ပြန်လည်လွှတ်မြောက်ရန်ခက်ခဲနေသည်ဟု ဓမ္မဆရာများက ပြောသည်။

"အရင်တုန်းကဆို ခရိုင်အတွင်း သွားလာတဲ့အချိန်မှာ မှတ်ပုံတင်မလိုဘူး။ အခုတော့ လူငယ်တွေကို အဲလိုတားဆီးလိုက်တော့ မလိုဘူးဆိုတဲ့ ရွာမှာရှိတဲ့ သူတို့မိဘတွေကို အကြောင်းကြားပြီး လိုက်စုရတယ်။ ဒီကြားထဲ ဆက်သွယ်ရေးက အဆင်မပြေတော့ အရမ်းခက်တယ်။ ဒီလိုလုပ်မယ်ဆိုရင်ကြိုတင်အကြောင်းကြားတာတွေ ခိုင်းစေချင်တယ်"ဟု ဓမ္မဆရာဆင်ပေးက ပြောသည်။

ဂျိုး(ပူတာအို)





မြစ်ကြီးနားသတင်းဂျာနယ်

အမှုဆောင်အရာရှိချုပ်
ဘရန်မိုင်၊ ဓော်ခွန်း

တာဝန်ခံ အယ်ဒီတာ
ဆိုင်းမိုင်

အယ်ဒီတာ
ဗြိမ်းပြည့်စုံ

သတင်းထောက်
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းထွယ်ဗင်၊ ဆိုင်းလတ်အောင်၊ ဆန်လတ်၊ ကျော်ကျော်ဦး(စစ)

နယ်သတင်းထောက်
သန်းထွန်းအောင်၊ အောင်ခမ်း(ပူတာအို)

စာပြင်
ဇော်နိုင်ဦး

ကွန်ပျူတာစာစီ
ဝေဝေအောင်

ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း
N-Hkai La Tawng၊
Shadau San Awng (L.B.Y)

မြစ်ကြီးနားရုံးတာဝန်ခံ
နိုနိုထက်နိုင်

မိုးညှင်းရုံးတာဝန်ခံ
နန်ဂျာ

စာရင်းကိုင်
နန်အောင်၊ ဘောက်နူးဂျာ

စီးပွားရေးတာဝန်ခံ
အိဗင်ဖြိုး၊ ဂျာဝင်

ဖြန့်ချိရေးတာဝန်ခံ
ဇော်ထုံ

တန်ဖိုး
၅၀၀ ကျပ်

ဖလင်
KING

ထုတ်ဝေသူ
ခေါ်ရွှေယင်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

ပုံနှိပ်တိုက်
ရွှေကျား (၀၀၅၃၀)

ဆက်သွယ်ရန်
အမှတ်(၀၆၄)၊ အင်ဂျန်ဝုံဓောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၀၅
၀၉ - ၂၅၆၀၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
myitkyinajournal@gmail.com
myitkyinanewsjournal@facebook.com

ညွှန်ပြိုင်မှတ်တမ်းတွင် ဖော်ပြထားသည်များသော မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ရွေးကြေးဆောင်သည်ကောင်း၊ ထိခိုးလက်ဆောင်ဆောင်သည်ကောင်း၊ လက်ခံရမှုဖြစ်ကို ညွှန်မှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရုပ်ထုံးတပ်ဆင်ထားသူများသော မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ဟူးကောင်းတွင် တိုက်ပွဲများ ပြင်းထန်လာသည့်အတွက် MRJ ကိုယ်စားလှယ်များ အရေးပေါ်အစည်းအဝေး ပြုလုပ်

ဖေဖော်ဝါရီ ၂၀

ဟူးကောင်းချိုင့်ဝှမ်းဒေသအတွင်း တိုက်ပွဲများ ပြင်းထန်လာခြင်းနှင့်ပတ်သက်၍ MRJ (ကချင်လူထုအခြေပြု ဖွံ့ဖြိုးရေးအဖွဲ့)မှ ဒေသခံကိုယ်စားလှယ်များက အရေးပေါ်အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့သည်ဟု သိရသည်။

ထိုအရေးပေါ်အစည်းအဝေးကို ဟူးကောင်းချိုင့်ဝှမ်းဒေသ၊ လီဒိုလမ်းတစ်လျှောက်တွင်ရှိသော ကျေးရွာ ၂၅ ရွာမှ ဒေသခံ MRJ ကိုယ်စားလှယ် ၅၀ ဦးက ဖားကန့်မြို့နယ် ဝါရာဇွပ်ကျေးရွာတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တိုက်ပွဲက ဘယ်လောက်ထိပြင်းထန်လာနိုင်မယ်ဆိုတာ ခန့်မှန်းလို့မရဘူး။ နှစ်ဖက်တပ်က မလျှော့ဘူးဆိုရင် ပိုပြီးပြင်းထန်လာနိုင်တာပေါ့။ နောက်ပြီး တပ်မတော်ဘက်ကလည်း ထိုးစစ်ဆင်မှုတွေကို မရပ်ဘူးဆိုရင်တော့ တိုက်ပွဲတွေပိုပြီးပြင်းထန်လာနိုင်တယ်"ဟု MRJ မှ လက်ထောက်အတွင်းရေးမှူးဦးတန်ဂွန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

လက်ရှိအချိန်တွင် ကချင်ပြည်နယ် ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် ဖြစ်ပေါ်နေသည့် စစ်ရေးပဋိပက္ခများကြောင့် လီဒိုလမ်းမတစ်လျှောက်ရှိ ကျေးရွာများမှဒေသခံများမှာ စစ်ဘေးတိမ်းရှောင်နေသူများသဖွယ် အခက်အခဲများစွာကို ကြုံတွေ့ခံစားနေရသည်ဟု သိရသည်။



ဓါတ်ပုံ - စည်သူ(မြစ်ကြီးနား)

ထို့အပြင် တပ်မတော်နှင့် ကေအိုင်အေ နှစ်ဖက်တပ်ဖွဲ့များအကြား ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် ဟူးကောင်းဒေသခံပြည်သူများအနေဖြင့် လက်နက်ကြီးကျည်များ ထိမှန်ခြင်း၊ တိုက်လေယာဉ်ဖြင့် ပုံးကျဲခံရခြင်းကြောင့် သေဆုံးရခြင်း၊ ဖမ်းဆီးချုပ်နှောင်မှုများ ခံနေရခြင်းအပြင် လုပ်ငန်းလုပ်ကိုင်ရန် ခက်ခဲလာခြင်းကြောင့် စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့နေသည်ဟု ဒေသခံများက ပြောသည်။

"ဟူးကောင်းဒေသခံ ပြည်သူတွေ လွတ်လပ်စွာအသက်ရှင်နေထိုင်ခွင့် ရရှိနိုင်ရေးနဲ့ အိုးအိမ်၊ စည်းစိမ်လုံခြုံမှုတွေ ရရှိဖို့အတွက် အခုလိုအရေးပေါ်အစည်းအဝေး လုပ်ရခြင်းဖြစ်တယ်"ဟု ဦးတန်ဂွန်းက ဆက်လက်ပြောသည်။

လီဒိုလမ်းမတစ်လျှောက်တွင်ရှိသော ကျေးရွာများမှ ဒေသခံ ၂၀၀၀ ခန့်သည် တိုက်ပွဲများကြောင့် တနိုင်း၊ ရှဒူးဇွပ်ကျေးရွာ၊ အောင်ရာကျေးရွာနှင့် စံပြကျေးရွာများတွင် စစ်ရှောင်များအဖြစ် သွားရောက်တိမ်းရှောင်နေရသည်ဟု သိရသည်။

MRJ ကိုယ်စားလှယ် ၅၀ ဦးသည် အထက်ပါအတိုင်း အရေးပေါ်အစည်းအဝေး ပြုလုပ်ပြီးနောက်တွင် ပြည်သူလူထု၏ ခရီးသွားလာမှုကို ပိတ်ပင်ခြင်းမရှိစေဘဲ၊ လွတ်လပ်စွာ သွားလာလုပ်ကိုင်စားသောက်ခွင့်ပြုပေးရန်၊ ဆန်၊ စက်သုံးဆီနှင့် အခြားစားသုံးကုန်များကို လွတ်လပ်စွာ သယ်ယူခွင့်ပြုပေးရန်နှင့် လူသားချင်းစာနာထောက်ထားမှုကို လွတ်လပ်စွာ ကူညီပံ့ပိုးခွင့်ပြုပေးရန် စသည့်အချက်များပါဝင်သော သဘောထားတစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။

ထို့အပြင် ဟူးကောင်းဒေသရှိ တောင်သူလယ်သမားများ၏ဖွံ့ဖြိုးရေးကို အဟန့်အတား အနှောင့်အယှက်ဖြစ်စေသော ဒေသအတွင်းမတည်ငြိမ်မှုနှင့် စစ်ရေးပဋိပက္ခများကို နိုင်ငံတော်အစိုးရက အမြန်ဆုံးဖြေရှင်းပေးရန် ၎င်းတို့၏သဘောထားထုတ်ပြန်ချက်ထဲတွင် ထည့်သွင်းတောင်းဆိုထားသည်။

ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် ကျေးရွာပေါင်း ၂၅ ရွာရှိပြီး ဒွမ်ဘုံးကျေးရွာမှ ရှင်ဗွေယန်ကျေးရွာအထိ မြို့နယ် ၃ မြို့နယ်ခွဲထားကြောင်းသိရသည်။

လဖိုင်လု

# အင်းတော်ကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ကေအိုင်အေ၏ တပ်မဟာအသစ် ၂ ခု ဖွင့်လှစ်

ဖေဖော်ဝါရီ ၁၉

ယခုလ လဆန်းပိုင်းတွင် ကေအိုင်အေတပ်ဖွဲ့က အင်းတော်ကြီးနှင့် ရှမ်းပြည်မြောက်ပိုင်း၌ တပ်မဟာအသစ် ၂ ခု ဖြစ်သည့် တပ်မဟာ ၉ နှင့်တပ်မဟာ ၁၀ ကိုဖွင့်လှစ်ခဲ့သည်ဟု ကေအိုင်အိုသတင်းနှင့် ပြန်ကြားရေးဌာနမှ သိရသည်။

"အခုလောလောဆယ်စဉ်းစားပြီး အရေးတကြီးဖွင့်လိုက်တဲ့ တပ်မဟာတွေမဟုတ်ဘူး။ လိုလို့ပြန်ဖွင့်တဲ့ တပ်မဟာတွေဖြစ်တယ်။ ဒီတပ်မဟာတွေ ဖွင့်ဖို့ သဘောတူထားတာက ကြာပြီဖြစ်ပေမယ့် အော်ဒါက အခုမှကျလို့"ဟု ကေအိုင်အိုသတင်းနှင့် ပြန်ကြားရေးဌာနမှ ဗိုလ်မှူးကြီးနော်ဘူက တပ်မဟာအသစ်များ ဖွင့်လှစ်ခြင်းနှင့်ပတ်သက်သည်ကို မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ကေအိုင်အေတပ်ဖွဲ့က တပ်မဟာ ၉ ကို ကချင်ပြည်နယ် အင်းတော်ကြီးဒေသအတွင်းဖွင့်လှစ်ခဲ့ပြီး တပ်မဟာ ၁၀ ကိုမူ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကွတ်ခိုင်ဒေသတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အခုလို ထပ်ဖွင့်ရတာက တပ်ရင်းတွေကို ကြီးကြပ်ကွပ်ကဲမှုမှာ ပိုပြီးလွယ်ကူစေဖို့ ဖြစ်တယ်။ အခုက တပ်မဟာတစ်ခုရဲ့နယ်မြေက အရမ်းကြီးနေတော့ ထိန်းချုပ်တဲ့အခါမှာ ခက်ခဲမှုတွေရှိတယ်။ အင်းတော်ဘက်မှာရှိတဲ့ တပ်ရင်း ၂၆၊ တပ်ရင်း ၃၅ တွေကို အုပ်ချုပ်ဖို့ တပ်မဟာ ၂ တနိုင်းအောင်လော့ဒ်ကနေ ကြည့်နေရတယ်ဆိုတော့ အရမ်းဝေးတော့ သွားလာဖို့ခက်ခဲတယ်။ တပ်ရင်းတွေကို အုပ်ချုပ်တာပိုလွယ်ကူစေဖို့ ထပ်ဖွင့်တာပါ"ဟု ဗိုလ်မှူးကြီးနော်ဘူက ရှင်းပြသည်။

ဖားကန့်ဒေသရှိ တပ်ရင်း ၆ နှင့် ၂၆ တို့သည် တပ်မဟာ ၉ အတွင်းပါဝင်သွားပြီး ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်ဒေသတွင်ရှိသည့် ကေအိုင်အေ တပ်ရင်း ၀၇နှင့်တပ်ရင်း ၂မှာမူ တပ်မဟာ ၁၀ တွင် ပါဝင်သွားကြောင်း သိရသည်။

"နဂိုရှိနေတဲ့ တပ်တွေကို ထိန်းချုပ်ရန် လွယ်ကူဖို့အတွက် တပ်ရင်းတွေကို နှစ်ခုသုံးခုပေါင်းပြီး တပ်မဟာဆိုပြီး သတ်မှတ်လိုက်တာဖြစ်တယ် ကေအိုင်အေတွေရဲ့ အုပ်ချုပ်ရေးစနစ်က တပ်မဟာတစ်ခုမှာ အရပ်ဘက်အုပ်ချုပ်ရေးတိုင်းတစ်ခုရှိတယ်။ တပ်ရင်း ၆ က ဖားကန့်ခရိုင်၊ တပ်ရင်း ၂၆ က အင်းတော်ကြီးခရိုင်ဆိုပြီး တွဲဖွင့်တာ ထိန်းချုပ်ဖို့လွယ်ကူအောင်ဟုတ်တယ်"ဟု ဆက်ပြောသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တာဝန်ရှိသူများသည် ကေအိုင်အိုတပ်ဖွဲ့နှင့် ယခုလအတွင်း တရုတ်ပြည်တွင် သီးခြားတွေ့ဆုံကာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ထိုဆွေးနွေးပွဲတွင် မြန်မာ့တပ်မတော်က ကေအိုင်အေ တပ်ရင်း ၁၄ အပါအဝင် အခြား ကေအိုင်အေတပ်စခန်းများကို ဖယ်ရှားပေးရန်နှင့် ကေအိုင်အေတပ်မဟာများ တည်ရှိမှုကို အသိအမှတ်မပြုနိုင်ကြောင်း ပြောကြားဆွေးနွေးခဲ့သည်ဟု ဖေဖော်ဝါရီလ ၈ ရက်နေ့တွင်ထုတ်ပြန်ခဲ့သည့် ကေအိုင်အို ပဟိုကော်မတီ၏ကြေညာချက်ထဲတွင် ရေးသားဖော်ပြထားသည်။

လဖိုင်လု

# ၂၀၁၇ ကျောက်မျက်ရတနာ ဥပဒေစိစစ်မှုကြမ်းတွင် ပါရှိသော အချို့အချက်များကြောင့် ယခုလအတွင်း ဆန္ဒထုတ်ဖော်သွားမည်



ဓါတ်ပုံ - စည်သူ(မြစ်ကြီးနား)

ဖေဖော်ဝါရီ ၁၉

မြန်မာ့ ကျောက်မျက်ရတနာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် ထပ်မံထွက်ရှိခဲ့သည့် ၂၀၁၇ ကျောက်မျက်ရတနာ ဥပဒေစိစစ်မှုကြမ်းတွင် ပါရှိသော အချို့အချက်အလက်များမှာ လူတစ်စုအတွက်သာ ရည်ရွယ်ထားသောကြောင့် ကန့်ကွက် ဆန္ဒထုတ်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ကျောက်မျက်ရတနာဥပဒေ စိစစ်မှုကြမ်းတွင် ပါရှိသော အချို့အချက်အလက်များသည် ပြည်သူလူထုနှင့်ဒေသခံ တိုင်းရင်းသားတို့အတွက် အကျိုးဖြစ်ထွန်းရန် အားနည်းခြင်းကြောင့် လူတစ်စုမှသည် ပြည်သူ့အကျိုးစီးပွား ဖြစ်ထွန်းလာရန်နှင့် နိုင်ငံတော်၏အကျိုးစီးပွားအတွက် ရည်ရွယ်ကာ ကန့်ကွက်ဆန္ဒထုတ်ဖော်သွားရန် စီစဉ်နေခြင်းဖြစ်ကြောင်း ဆန္ဒထုတ်ဖော်ပွဲကို ဦးဆောင်သူ ကချင်အမျိုးသားကွန်ဂရက်ပါတီမှ ဥက္ကဋ္ဌဒေါက်တာ Mကောန်လက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျွန်တော်တို့ တင်ပြတောင်းဆိုလာတာ ကြာပါပြီ။ ဒီအချက်တွေက ပြည်သူလူထုအတွက် ဘာအကျိုးမှ မရှိဘူး။ ပြင်ကိုပြင်ရမယ့်ဥပဒေတွေပါ။ ဆက်လက်ပြီးလည်း တောင်းဆိုမှုတွေ ပြုလုပ်သွားဦးမှာပါ" ဟု ဒေါက်တာ Mကောန်လက ဆက်လက်ပြောသည်။

အဆိုပါ ဆန္ဒထုတ်ဖော်ပွဲကို မြစ်ကြီးနားမြို့နှင့် မိုးကုတ်မြို့များတွင် ဖေဖော်ဝါရီလ နောက်ဆုံးအပတ်အတွင်း ပြုလုပ်သွားနိုင်ရန် လျာထားကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်မည့် အဓိက ရည်ရွယ်ချက်များမှာ အကြီးစားလုပ်ကွက်များ ထပ်မံတိုးချဲ့သတ်မှတ်ခြင်းကို ကန့်ကွက်ရန်၊ ဖားကန့်တွင် အသုံးပြုနေသည့် စက်ယန္တရားများကို ကန့်သတ်ခြင်းများ မပါဝင်သည့်အတွက် ကန့်သတ်ရန်၊ ရတနာမြေ သတ်မှတ်ရာတွင် လွှတ်တော်များ၏ သဘောထား တင်ပြတောင်းခံခြင်း မပါဝင်ခြင်း၊ ကျောက်မျက်ထုတ်လုပ်ရေး လုပ်ကိုင်ခွင့်တွင် အကြီးစားအတွက် အဆိုပြုလွှာစည်းကမ်း မဖော်ပြခြင်းအပြင် အလတ်စား၊ အသေးစား၊ လက်လုပ်လက်စားလုပ်ကွက်များအတွက် တိုက်ဆိုင်လျှောက်လွှာများ ရွေးချယ်မှုစည်းကမ်းအတိအကျ မဖော်ပြထားခြင်းနှင့် ၂၀၁၇ ကျောက်မျက်ရတနာဥပဒေနှင့် နည်းဥပဒေလျှင်မြန်စွာပြဌာန်းနိုင်ရေးတို့အတွက် ဖြစ်ကြောင်း သိရသည်။

"ဒီဥပဒေတွေက ပြင်ကိုပြင်ရမှာပါ။ ပိုဆိုးတာက ဒီဥပဒေတွေလည်းပြင်ပြီးရော ဖားကန့်က ကျောက်စိမ်းတွေလည်း ကုန်လောက်ပြီ။ လက်ရှိအခြေအနေတွေကိုလည်းတားဆီးဖို့ လိုပါတယ်"ဟု ဖားကန့်ဒေသခံတစ်ဦးကပြောသည်။

၂၀၁၇ ကျောက်မျက်ရတနာဥပဒေစိစစ်မှုကြမ်းကို အစိုးရသစ်လက်ထက်တွင် ပြင်ဆင်ရေးဆွဲရန် လုပ်ဆောင်ခဲ့ကြောင်း၊ ဥပဒေပါအချို့အချက်များသည် ပြည်သူ့ထုအကျိုးစီးပွား မပါဝင်သည့်အတွက်ကြောင့် ကချင်ပါတီများက ပြင်ဆင်ဖြည့်စွက်ရန် တိုက်တွန်းခဲ့ကြကြောင်း၊ သို့သော် ယခု ဥပဒေစိစစ်မှုကြမ်း ထွက်ရှိလာသည့် အခါတွင်လည်း ပြင်ဆင်ဖြည့်စွက်ထားခြင်း မရှိသည့်အတွက်ကြောင့် ကန့်ကွက်ဆန္ဒဖော်ထုတ်ရန် စီစဉ်ခဲ့ရခြင်းဖြစ်ကြောင်း ဒေါက်တာ Mကောန်လက ပြောသည်။

အဆိုပါ ၂၀၁၇ ကျောက်မျက်ရတနာဥပဒေစိစစ်မှုကြမ်းကို ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၏ သယံဇာတကော်မတီက ထုတ်ပြန်ပေးခဲ့ခြင်း ဖြစ်သည်။

စည်သူ(မြစ်ကြီးနား)

# မြစ်ကြီးနား ကျောက်မျက်ပြပွဲဌပြသမည့် ကျောက်စိမ်း ကျောက်မျက်အတွဲများကို မတ်လလယ်အထိ စိစစ်လက်ခံသွားမည်

ဖေဖော်ဝါရီ ၁၉

မြစ်ကြီးနားမြို့တွင် ပထမဦးဆုံးအကြိမ် ပြုလုပ်မည်ဖြစ်သော ကျောက်မျက်ရတနာပြပွဲဌပြသရောင်းချမည့်ကျောက်စိမ်းကျောက်မျက် အတွဲများကို ဖေဖော်ဝါရီလ ၁၅ ရက် မှ မတ်လ ၁၅ ရက်အထိ စိစစ်လက်ခံပေးသွားမည်ဖြစ်ကြောင်းပြည်နယ်ကျောက်မျက်လုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

ထိုသို့ စိစစ်လက်ခံရာတွင် အခြေခံဈေးနှုန်း ညှိနှိုင်းသတ်မှတ်ပေးခြင်းအပြင် နေရာချခင်းကျင်းပြသပုံများကိုလည်း လုပ်ငန်းရှင်များနှင့် ကျောက်မျက်လုပ်ငန်းရှင်အသင်းက ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျောက်စိမ်းကျောက်မျက်တွေကိုစိစစ်ရာမှာ မမှားဖို့၊ ရောင်းတန်းဝယ်တန်း အဆင်ပြေအောင်လို့ အတတ်နိုင်ဆုံး လုပ်သွားမှာပါ။ ပထမဦးဆုံးလုပ်တဲ့ပွဲမှာ အမှားအယွင်း မရှိစေချင်ဘူး။ ဒါကြောင့် သေချာစိစစ်လေ့လာသွားမှာပါ" ဟု ပြည်နယ်ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးတူးခေါင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ကျောက်မျက်ရတနာပြပွဲသို့ ခွင့်ပြုမိန့်ရယူပြီး တူးဖော်ထုတ်နေသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့်ဝယ်ယူခြင်း လုပ်ဆောင်နေသည့်နိုင်ငံသားလုပ်ငန်းရှင်များ၊ ကျောက်မျက်ရတနာကုမ္ပဏီ မှတ်ပုံတင်ရရှိပြီးသူများနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်အသင်းဝင် နိုင်ငံသားများ စသည့်သူများကို သတ်မှတ်ချက်နှင့်အညီ တက်ရောက်ခွင့်ပြုသွားမည် ဖြစ်ကြောင်းသိရသည်။

ထို့အပြင် ကျောက်မျက်ရတနာပြပွဲတွင် ဝယ်ယူရန် ခွင့်ပြုထားသည့် သတ်မှတ်ချက်တွင်မှု မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီခွင့်ပြုမိန့်နှင့် လိုင်စင်ရရှိထားသူများသာ ဝယ်ယူခွင့်ရှိမည်ဖြစ်ပြီး သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများကို ပေးသွင်းရမည်ဖြစ်ကာ နိုင်ငံခြားသားများအနေဖြင့် ကျောက်မျက်ရတနာအချောထည်များကို ချိတ်ပိတ်သယ်ဆောင်စနစ် (CASH MEMO)ဖြင့် လည်းကောင်း၊ စီ/ဒီအဆင့်ရှိ ကျောက်စိမ်းဖြတ်သားများကို တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် လည်းကောင်း ရောင်းချပေးသွားမည်ဟုလည်း သိရသည်။



ဓါတ်ပုံ - စည်သူ(မြစ်ကြီးနား)

"စပေါ်ငွေ မတင်ထားဘဲနဲ့ ဝယ်လို့ မရပါဘူး။ တကယ်ဝယ်ယူမယ်ဆိုရင်တော့ သတ်မှတ်ထားတဲ့ စည်းကမ်းကို လိုက်နာပြီးတော့ ဝယ်ရမယ်" ဟု ဦးတူးခေါင်က ဆိုသည်။

ရောင်းချပွဲကိုတက်ရောက်လိုသည့်နိုင်ငံသားရတနာကုန်သည်များကို မတ်လ ၀ ရက်နေ့မှစ၍ ပြည်နယ်ကျောက်မျက်လုပ်ငန်းရှင်များအသင်း (မြစ်ကြီးနား)တွင် ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြပွဲတစ်လျှောက်လုံး ဝင်ကြေးအဖြစ် နိုင်ငံသားကုန်သည်များအား ငွေကျပ်သုံးသောင်းနှင့် နိုင်ငံခြားသားကုန်သည်များအား ငွေကျပ်ငါးသောင်း သတ်မှတ်ထားသည်ဟု သိရသည်။

စည်သူ (မြစ်ကြီးနား)

# တပ်မတော်က တိုင်းရင်းသားလက်နက်ကိုင်များကို စတင်ထိုးစစ်ဆင်ခြင်းမရှိဟု ဒုတိယဗိုလ်ချုပ်ကြီးပြော



ဓါတ်ပုံ - Salai

ဖေဖော်ဝါရီ ၂၀

တပ်မတော်အနေဖြင့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအား စတင်ထိုးစစ်ဆင်ခြင်းမရှိကြောင်း ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်းက နေပြည်တော်တွင် ကျင်းပခဲ့သည့် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့၏ NCA သဘောတူလက်မှတ်ရေးထိုးပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့၏ NCA သဘောတူလက်မှတ်ရေးထိုးပွဲကို ဖေဖော်ဝါရီလ ၁၃ ရက်တွင် နေပြည်တော်ရှိ MICC 2 ခန်းမ၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ထိုလက်မှတ်ရေးထိုးပွဲအပြီးတွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်းက မီဒီယာများ၏မေးမြန်းမှုနှင့်ပတ်သက်၍ အထက်ပါအတိုင်း ဖြေကြားပြောဆိုခဲ့ခြင်း ဖြစ်သည်။

"ကျွန်တော်တို့က ထိုးစစ်ဆင်နေတာမရှိဘူးလို့ရှင်းထားပြီးသား ဖြစ်နေတယ်။ ဆိုလိုတာက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေလည်း သတ်မှတ်တဲ့နေရာတွေမှာရှိနေမယ်ဆိုရင် ကျွန်တော်တို့က ဘာမှလုပ်စရာအကြောင်းမရှိဘူး"ဟု သတင်းစာရှင်းလင်းပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်းကပြောသည်။

သို့သော် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက နယ်မြေကျော်လွန်လာခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်ခြင်းများ ပြုလုပ်လာပါက တပ်မတော်အနေဖြင့် တာဝန်ရှိသည့်အတိုင်း ဆောင်ရွက်ခြင်းမျိုးကိုသာ ပြုလုပ်လေ့ရှိသည်ဟုလည်း ၎င်းကပြောသည်။

"ပြောထားတဲ့ ကတိကဝတ်တွေ ရှိတာပေါ့။ ဒါတွေနဲ့ပတ်သက်လို့ နယ်မြေကျော်လွန်လာတာမျိုးတွေ၊ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ထိခိုက်လာတာမျိုးတွေရှိလာရင် တပ်မတော်မှာ တာဝန်ရှိတဲ့အလျောက် လုပ်ရတာဖြစ်ပါတယ်။ တမင်သွားပြီးတော့ ထိုးစစ်ဆင်နေတာမျိုးတော့မဟုတ်ပါဘူး"ဟု ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း ဆက်လက်ပြောကြားသည်။

တပ်မတော်က ၎င်းတို့အနေဖြင့် ထိုးစစ်ဆင်ခြင်းများ မပြုလုပ်ဟု ဖြေကြားထားသည့်အပေါ် ကချင်ပြည်နယ်ဒီမိုကရေစီပါတီမှဥက္ကဋ္ဌဒေါက်တာတူးဂျာက "အထူးသဖြင့် ကချင်ပြည်နယ်မှာ ထိုးစစ်ဆင်နေတာတွေ ရှိနေတာပဲ။ လက်တွေ့အရ ပြောရမယ်ဆိုရင် တိုက်ပွဲတွေ ဖြစ်နေတာပဲလေ"ဟု ပြောသည်။

အဓိကအားဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ဖြစ်ပွားနေသော တိုက်ပွဲများသည် တပ်မတော်ဘက်က ထိုးစစ်ဆင်ခြင်းကြောင့် ဖြစ်ပွားရသည်ကို ဒေသခံများအားလုံး သိထားပြီးဖြစ်ကြောင်း ကချင်အမျိုးသား ကွန်ဂရက်ပါတီ(KNC) မှ ဥက္ကဋ္ဌက ပြောသည်။

"ဒါကတော့ ပြောင်းပြန်ပါ။ ဒီမှာတော့ Cover တစ်ခုလုပ်တယ်။ စစ်ရေးနဲ့တော့ မဟုတ်ဘူး။ ဥပမာဆိုရင် စစ်ရေးနဲ့ဆိုရင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို တိုက်ခိုက်တယ်ဖြစ်မယ်။ ဒါပေမယ့် သယံဇာတကြောင့်ဆိုတဲ့အခါကျတော့ မြန်မာနိုင်ငံရဲ့သယံဇာတကို ကာကွယ်တယ်ဆိုတဲ့ ခေါင်းစဉ်သုံးပြီး စစ်ဆင်ရေးလုပ်တယ်လို့ လှည့်သုံးကြတယ်။ တိုက်တာတော့ တိုက်နေတာပဲလေ"ဟု KNC ပါတီမှ ဥက္ကဋ္ဌဒေါက်တာ M ကောန်လက ၎င်း၏အမြင်ကို မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

တပ်မတော်က မြန်မာပြည်မြောက်ပိုင်းနှင့် ရခိုင်ဒေသများတွင် ထိုးစစ်ဆင်နေမှုများအပေါ် ကန့်ကွက်ရှုတ်ချကြောင်း ဖေဖော်ဝါရီလ ၃ ရက်တွင် မြောက်ပိုင်းမဟာမိတ်အဖွဲ့က သဘောထား ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာ့တပ်မတော်က ကချင်ဒေသအတွင်း ထိုးစစ်ဆင်တိုက်ခိုက်နေခဲ့သည်မှာ နှစ်လကျော်ကြာမြင့်ခဲ့ပြီဖြစ်ပြီး ထို ၂ လ အတွင်း မြေပြင်နှင့် ဝေဟင်မှ ထိုးစစ်ဆင်တိုက်ခိုက်နေမှုများကို ပြုလုပ်ခဲ့ကြောင်း၊ ကချင်ဒေသတွင်း ဖြစ်ပွားနေသည့် တိုက်ပွဲများမှာယနေ့အချိန်ထိပြင်းထန်နေပြီး စစ်ရှောင်ဦးရေမှာလည်း တစ်နေ့ထက်တစ်နေ့မြင့်တက်နေကြောင်း အဆိုပါ ထုတ်ပြန်ချက်ထဲတွင် ဖော်ပြထားသည်။

ထို့အပြင် မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ ဒေသတွင်းသို့ ထိုးစစ်ဆင်ကာ တိုက်ခိုက်နေမှုများနှင့် ကျူးကျော်ရန်စသည့် အပြုအမူများကြောင့် ပြည်တွင်းစစ် ပိုမိုကြီးထွားလာစေပြီး "မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးကြိုးပမ်းမှု ဖြစ်စဉ်သည်လည်း မည်သည့်အခါမျှအထမြောက်လိမ့်မည် မဟုတ်"ဆိုသည်ကို ပြည်သူလူထု အားလုံးသိရှိစေအပ်ပါသည်ဟူ၍ အဆိုပါ ထုတ်ပြန်ချက်ထဲတွင် ထည့်သွင်းဖော်ပြထားသည်။

Salai

# ကချင်ပြည်နယ်တွင် ယခင်နှစ်များကထက် ၂ ဆပိုမို၍ ပြည်ပသို့ ဆန်တင်ပို့ရောင်းချမှု ပြုလုပ်နိုင်ခဲ့


ဓါတ်ပုံ - ညီသူ(မြစ်ကြီးနား)

ဖေဖော်ဝါရီ ၂၀

ဘဏ္ဍာနှစ်သစ်ရောက်ရှိရန် နှစ်လအလိုတွင် ပြည်တွင်းဆန်တင်ပို့မှုပမာဏမှာ စံချိန်တင်မြင့်တက်ခဲ့ပြီး ကချင်ပြည်နယ်တွင်လည်း ယခင်နှစ်များကထက် ပြည်ပသို့တင်ပို့ရောင်းချမှုများ နှစ်ဆခန့်ပိုမိုပြုလုပ်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှရရှိသည့် စာရင်းများအရ သိရသည်။

တစ်နိုင်ငံလုံးအနေဖြင့် ပြည်ပသို့ ဆန်တန်ချိန် ၃ သန်းကျော် တင်ပို့ရောင်းချနိုင်ခဲ့ပြီး ကချင်ပြည်နယ်အနေဖြင့် ပုံမှန်အားဖြင့် တန်ချိန်တစ်သိန်းခွဲခန့်နှစ်စဉ်တင်ပို့ရာမှယခုနှစ်တွင် နှစ်ဆခန့် ပိုမိုတင်ပို့လာနိုင်ခဲ့သည်ဟု ပြည်နယ်ဆန်စပါးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးချစ်လွင်က ပြောသည်။

"ဒီနှစ် တော်တော်လေးဆန်ထွက်တယ်။ စပါးသစ်ပေါ်ကတည်းကကိုထွက်တာ။ တန်ချိန်က အရင်နှစ်ကထက် နှစ်ဆလောက် ပိုထွက်တယ်လို့ ပြောလို့ရတယ်"ဟု ဦးချစ်လွင်က ဆက်လက်ပြောသည်။

ယခုကဲ့သို့ ပြည်ပသို့ဆန်တင်ပို့ရောင်းချမှု ပိုမိုများပြားလာသောကြောင့် ပြည်တွင်းဆန်ဈေးကွက်ရှိ အဆင့်မြင့်ဆန်များ (ရွှေဘိုပေါ်ဆန်းမွှေး၊ လုံးသွယ်မွှေး အစရှိသည်) ဈေးနှုန်း မြင့်တက်လာနိုင်သော်လည်း အခြေခံဆန်များအပေါ်တွင် အကျိုးသက်ရောက်မှု မရှိနိုင်ဟုလည်း ၎င်းကသုံးသပ်ခဲ့သည်။

ထို့အပြင် ပြည်တွင်းတွင် စားသုံးရန် ဆန်လုံလောက်မှုရှိမှသာ ပြည်ပသို့တင်ပို့ရောင်းချစေခြင်းကြောင့် ဈေးနှုန်းအဆမတန် မြင့်တက်လာခြင်းမရှိစေနိုင်ကြောင်း၊ စိုက်ဧကနှင့် အထွက်နှုန်း နှိုင်းဆကြည့်လျှင် တစ်နှစ်လျှင် ဆန်တန်ချိန် ၀၀ သန်းအထိ ပိုလျှံလာနိုင်ကြောင်း ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများက သုံးသပ်ထားကြသည်။

"စားသုံးသူတွေအနေနဲ့ ဆန်တစ်အိတ်ကို ငါးရာ၊ တစ်ထောင်လောက် ဈေးတက်သွားတော့ သိပ်ပြီးတော့ ပြဿနာမကြီးလောက်ဘူးလို့ ထင်တာပေါ့နော်။ အဓိကက ကျွန်တော်တို့ဆီက တောင်သူလယ်သမားတွေကလည်း ဒီလိုတင်ပို့နိုင်မှပဲ အဆင်ပြေမယ့်အနေအထားမျိုးဖြစ်နေတယ်။ ဆန်ဈေး အရမ်းကြီးမြင့်တက်သွားဖို့တော့ မဖြစ်နိုင်ပါဘူး"ဟု မြစ်ကြီးနားမြို့မှ စိန်ရွှေဝင်း အဆင့်မြင့် ဆန်ရောင်းဝယ်ရေး ဆိုင်ပိုင်ရှင်ဦးသန်းထိုက်အေးက မြစ်ကြီးသတင်းဂျာနယ်သို့ ပြောသည်။

အထက်ပါအတိုင်း ဆန်စံချိန်တင်ရောင်းချနိုင်မှုသည် နှစ်ပေါင်း၆၀ အတွင်းရောင်းချခဲ့သည့် အမြင့်ဆုံးပမာဏဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံမှဆန်ကို ဝယ်ယူသည့် နိုင်ငံပေါင်း ၂၀ ကျော် ရှိကြောင်း၊ ထိုနိုင်ငံများကို ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့ခြင်းဖြစ်၍ ဈေးကွက်အသစ် ရရှိခဲ့ကြောင်း၊ နောင်လာမည့် ၅ နှစ်အတွင်း ကမ္ဘာ့ဆန်ဈေးကွက်တွင် မြန်မာ့ဆန်သည် အမြင့်နေရာသို့ရောက်ရှိလာနိုင်ကြောင်း ပြည်တွင်းလုပ်ငန်းရှင်များက သုံးသပ်ပြောကြားထားသည်။

"အရင်ကတော့ ဆန်ဆိုရင် တရုတ်ပြည်ကို အဓိကထားပြီး ရောင်းတာပေါ့။ အခုကတော့ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား စတဲ့ အခြားနိုင်ငံတွေကိုပါ ထွက်တဲ့အခါကျတော့ တစ်နိုင်ငံလုံးထွက်တဲ့အနေအထားမှာ တရုတ်နဲ့ဆိုရင် တစ်ဝက်စီလောက် ပိုထွက်သွားတယ်"ဟု ဦးချစ်လွင်က ရှင်းပြသည်။

လက်ရှိအချိန်၌ ကချင်ပြည်နယ်တွင် အနိမ့်ဆုံးဖြစ်သော ဆန်(ဆန်မာ)ကို တစ်တင်းခွဲတစ်အိတ်လျှင် ငွေကျပ်နှစ်သောင်းခွဲခန့်၊ အမြင့်ဆုံးဆန်ဖြစ်သည့် ရွှေဘိုပေါ်ဆန်းမွှေးကို ငွေကျပ်ခြောက်သောင်းခွဲခန့်နှင့် ရောင်းချနေကြကြောင်း သိရသည်။

ညီသူ(မြစ်ကြီးနား)

# နယ်မြေအခြေအနေကြောင့် ရပ်ဆိုင်းထားသော လီဒိုလမ်းကြီးကို အစိုးရက ဆက်လက်တာဝန်ယူဆောင်ရွက်မည်

ဖေဖော်ဝါရီ ၁၇

တပ်မတော်နှင့် ကေအိုင်အေတပ်ဖွဲ့အကြား ဖြစ်ပေါ်ခဲ့သော တိုက်ပွဲများကြောင့် ဖောက်လုပ်မှု ရပ်နားနေသည့် လီဒိုလမ်းမကြီးကို BOT စနစ် လုပ်ဆောင်နေသည့် ကုမ္ပဏီကို လုပ်ပိုင်ခွင့်ပြန်သိမ်းပြီး အစိုးရ၏အစီအစဉ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။



ဓါတ်ပုံ - မွန်မွန်ယန်

"မြစ်ကြီးနား - နမ္မတီး - တနိုင်း - ရှင်ဗွေယန် - တဒက်ခ - ပန်ဆောင်လမ်းဟာ လုံခြုံရေး မကောင်းသော်လည်း ပြည်သူများက ဒီလမ်းကို အသုံးပြုနေကြတာကြောင့် မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီထံမှ လမ်းပိုင်းများကိုပြန်လည်သိမ်းသွင်းပြီးသည်နှင့် တစ်ပြိုင်နက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းများနဲ့ လမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးကျော်လင်းက ပြောသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်လင်းသည် အထက်ပါအကြောင်းအရာများကို ဖေဖော်ဝါရီလ ၁၄ ရက်တွင် ပြုလုပ်သည့် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် တနိုင်းမဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦး၏ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ဖြေကြားခဲ့ခြင်းဖြစ်သည်။

"မြစ်ကြီးနားကနေ ပန်ဆောင်အထိရောက်တဲ့လမ်းကို လမ်းခင်းဆောင်ရွက်နေတဲ့ ကုမ္ပဏီက တိုက်ပွဲဖြစ်ပွားမှုကို အကြောင်းပြပြီး ဆက်လက်မလုပ်ဆောင်တော့ပါဘူး။ ဒီလမ်းဟာ ကျွန်တော်တို့ပြည်သူတွေ အဓိကမှီခိုအားထားနေရတဲ့လမ်းဖြစ်ပါတယ်"ဟု တနိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦးက ပြောသည်။

"မြစ်ကြီးနား - နမ္မတီး - တနိုင်း - ရှင်ဗွေယန် - တဒက်ခ - ပန်ဆောင်လမ်းကို ကတ္တရာလမ်းခင်းနိုင်ရန် မည်ကဲ့သို့စီမံဆောင်ရွက်နေသည်ဆိုတာ သိလိုပါတယ်။ ဒီလမ်းမကြီးကို အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရင် ကျွန်တော်တို့ဒေသဟာ ဖွံ့ဖြိုးမှုအရှိန်အဟုန် မြင့်မားလာမယ်လို့ ယုံကြည်ပါတယ်"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးလင်းလင်းဦးက ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့သည်။

"ကုမ္ပဏီက တိုက်ပွဲဖြစ်နေလို့ လုံခြုံရေးမရှိတာကို အကြောင်းပြပြီး လမ်းလုပ်ငန်းတွေကိုတိုးတက်အောင် မဆောင်ရွက်ထားဘူး။ အခုလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်ဆောက်လုပ်ဆိုရင်တောင် ကျွန်တော်တို့တနိုင်းကိုရောက်ဖို့ နောက်ထပ် ၂ နှစ်၊ ၃ နှစ်လောက်ကြာဦးမှာ"ဟု တိန်ကောက်ကျေးရွာမှ ဒေသခံဦးမုန်ဆန်အောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါ မြစ်ကြီးနား-ပန်ဆောင်သွား လီဒိုလမ်းမကြီးကို မြောက်ပိုင်းတော်ဝင် ကျောက်စိမ်းကုမ္ပဏီလီမိတက်က ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၉ ရက်မှစ၍ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ရာ ၂၀ မိုင်အထိသာ ဆောက်လုပ်နိုင်ခဲ့ပြီး ကျန်လမ်းအပိုင်းများကို ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

"လုံခြုံရေးမကောင်းတာကို အကြောင်းပြပြီး လမ်းလုပ်ငန်းများ တိုးတက်အောင် မဆောင်ရွက်နိုင်သဖြင့် B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော လမ်းအပိုင်းများမှ ၎င်းတို့ ဆောင်ရွက်ထားသော မိုင် ၂၀ ကို ကုမ္ပဏီအား ဆက်လက်ဆောင်ရွက်စေပြီး ကျန် ၁၂၄ မိုင် ၀ ဖာလုံအား ဝန်ကြီးဌာနမှ အင်ဂျင်နီယာများဖြင့် လုပ်ငန်းများဆောင်ရွက်သွားမည် ဖြစ်ပါတယ်"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးကျော်လင်းက ဆိုသည်။

အဆိုပါ မြစ်ကြီးနား - ပန်ဆောင်သွား လီဒိုလမ်းမကြီးကို ပြန်လည်တည်ဆောက်ရေးနှင့် ပတ်သက်၍ ဖေဖော်ဝါရီလ ၇ ရက်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ထံသို့ သဘောထားမှတ်ချက်တောင်းခံထားပြီး ဖြစ်ကြောင်း သိရသည်။

ဆန်လတ်

# ဝါရာဇွပ်ကျေးရွာတွင် နေထိုင်လိုသူများကို မြေနေရာများခွဲဝေပေးနေ

ဖေဖော်ဝါရီ ၁၇

ဟူးကောင်းချိုင့်ဝှမ်းဒေသရှိ ဝါရာဇွပ်ကျေးရွာတွင် ယုဇနကုမ္ပဏီက ပြန်လည်ပေးအပ်ထားသော မြေနေတွင် လာရောက်နေထိုင်လိုသူများအား မြေနေရာခွဲဝေပေးနေကြောင်း ဝါရာဇွပ် အိမ်ယာမြေနေရာချထားရေး ကော်မတီမှ တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

"ဘယ်မြို့မှာနေတဲ့သူပဲဖြစ်ဖြစ် ဒီရွာမှာ နေမယ်ဆိုရင် မြေပေးတယ်။ ဘယ်စစ်ရှောင်စခန်းတွေကမဆို လာနေမယ့်သူတိုင်းကို အခုလို မြေပေးနေတာဖြစ်တယ်။ သူများအိမ်တွေမှာ ငှားနေရတဲ့သူတွေ၊ မြေနေရာမရှိတဲ့သူတွေ အားလုံးကို ပေးနေတယ်၊ နာမည်စာရင်းသွင်းဖို့တော့ ငွေကျပ် ၅၀၀၀ ပေးရတယ်"ဟု ဝါရာဇွပ်အိမ်ယာမြေနေရာချထားရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဆရာအောင်လတ်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါ ဝါရာဇွပ်ကျေးရွာတွင် မြေနေရာများကို ချထားပေးရာ၌ ဟူးကောင်းချိုင့်ဝှမ်းဒေသရှိ မြေယာများ အသိမ်းခံရသည့် ဒေသခံများ၊ အိမ်ခွဲနေထိုင်လိုသည့် ဝါရာဇွပ်ဒေသခံများ၊ အိမ်ယာမြေပျောက်ဆုံးနေသူများအားလုံးကို အခမဲ့ခွဲဝေပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ထိုမြေနေရာများကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလကတည်းက တစ်အိမ်ထောင်အတွက် ၆၀ ပေ x ၁၀၀ ပတ်လည် အကျယ်ရှိသောခြံမြေများကိုခွဲဝေပေးနေခြင်းဖြစ်ကြောင်း သိရသည်။



လက်ရှိအချိန်တွင် ဝါရာဇွပ်ကျေးရွာအတွင်း မြေနေရာရယူထားသည့် အိမ်ထောင်စု ၂၀၀ ခန့် ရှိကြောင်း၊ အမှန်တကယ်နေထိုင်နေသည့် အိမ်ထောင်စုမှာ ၅၀ ခန့်သာ ရှိသေးကြောင်း သိရသည်။

"ဒီရွာမှာ လာမနေဘဲနဲ့ အိမ်ယာမြေတွေကိုယူဖို့ နာမည်စာရင်းပေးထားကြတဲ့ သူတွေလည်းရှိတယ်။ အဲလိုလူတွေကိုတော့ လက်မခံဘူး။ တကယ်လိုအပ်တဲ့သူတွေ၊ တကယ် လာနေနိုင်မယ့်သူတွေကိုပဲ ဦးစားပေးပြီးချပေးတာ"ဟု ဆရာအောင်လတ်က ဆက်လက်ပြောသည်။

လက်ရှိအချိန်၌ အဆိုပါကျေးရွာတွင် နေထိုင်သူများသည်ဝါရာဇွပ်ကျေးရွာမှအိမ်ခွဲနေထိုင်သူများ၊ ဖားကန့်ရှိ ဂင်ဆီရွာ၊ စံပြကျေးရွာ၊ ဘန်ကောက်ရွာနှင့် လောဒ်ဂျာရွာများမှ ဒေသခံများဖြစ်သည်ဟု ဝါရာဇွပ်ကျေးရွာမှ ဦးတန်ဂွန်းက ပြောပြသည်။

"အခု ခွဲဝေပေးနေတဲ့ မြေနေရာက အရင်ကတော့ ရွာသားတွေ ပိုင်တဲ့မြေပဲ။ အဲဒါကို ယုဇနကုမ္ပဏီက ပီလောပီနံ စိုက်ဖို့ သိမ်းသွားခဲ့တယ်။ သိမ်းသွားလို့ ဒေသခံတွေက ဒါဟာ ကျေးရွာမြေ၊ ရွာသားတွေရဲ့ မြေလို့ပြောထားလို့ ဒီမြေကိုသူတို့ပြန်ပေးတာ။ အခုတော့အဲဒီ ပြန်ပေးတဲ့မြေကို လိုအပ်နေသူတွေကို ပြန်ပြီးခွဲဝေပေးနေတာပါ"ဟု ဦးတန်ဂွန်းက ရှင်းပြသည်။

လဖိုင်လု



# နှင်းတောင်ပေါ်က ယဉ်ကျေးမှု

အဝ်ခိုဝ်တွမ်

ဖေဖော်ဝါရီ ၁၀ ရက်နေ့က ရန်ကုန်မြို့၊ လမ်းမတော်သံဈေးရှိ Yangon Book Plaza တွင် အမျိုးသားစာဆိုကြီးမင်းသုဝဏ်၏ ၁၀၉ နှစ်ပြည့်မွေးနေ့အခမ်းအနားပွဲတစ်ခု ပြုလုပ်ခဲ့ကြသည်။ ဆရာကြီးမင်းသုဝဏ်သည် ယခုသမ္မတကြီး ဦးထင်ကျော်၏ ဖခင်လည်းဖြစ်သည်။ ထိုပွဲတွင် ထမနဲစတုဒိသာ၊ ကဗျာရွတ်ပွဲ၊ အမှတ်တရ ဟောပြောပွဲများကိုလည်း ကျင်းပပြုလုပ်ခဲ့သည်။ ဤတွင် ဆရာကြီးကို လေးစားကြည်ညိုမိသော အကြောင်းအရာလေးတစ်ခုကို ပြန်လည်အမှတ်ရမိခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ကျရောက်သော ၁၇ ကြိမ်မြောက် ပြည်ထောင်စုနေ့သို့ တိုင်းနှင့်ပြည်နယ်များမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။ ထိုတက်ရောက်လာကြသော တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၏ ဆွေးနွေးပွဲတွင် တိုင်းရင်းသားအချင်းချင်း လွယ်လင့်တကူ လေ့လာနိုင်မည့် တိုင်းရင်းသားအမြင်ဖြင့် ပြုစုထားသော တိုင်းရင်းသားများ၏ယဉ်ကျေးမှုဆိုင်ရာ စာအုပ်များ အထူးလိုအပ်လျက်ရှိကြောင်း ဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးချက်များကို အကောင်အထည်ဖော်သည့် အနေဖြင့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့်ပတ်သက်သော ကျမ်းတစ်စောင်ပြုစုရန် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်ကို အစိုးရမှတာဝန်ပေးအပ်ခဲ့သည်။ ထို့နောက် သမိုင်းဌာနမှ ဆရာ၊ ဆရာမများက တိုင်းရင်းသားလူမျိုးများနှင့် သက်ဆိုင်သည့် အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာဖြင့် ပုံနှိပ်ထားသမျှသော ကျမ်းအစောင်စောင်ကိုလည်းကောင်း၊ မှတ်တမ်းများ၊ အစိုးရအစီရင်ခံစာများကိုလည်းကောင်း၊ ကျောက်စာများ၊ ပေစာများ၊ ပုရပိုက်များကိုလည်းကောင်း၊ အချိန်ယူလေ့လာ၍ မှတ်တမ်းတင်ခဲ့ကြသည်။

သို့သော် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက နိုင်ငံခြားသားများပြုစုခဲ့သော စာအုပ်အများစုမှာ ၎င်းတို့၏ ယူဆချက်၊ ထင်မြင်ချက်၊ ဆန္ဒစွဲများ ဖုံးလွှမ်းနေသဖြင့် အကိုးအကားပြုရာတွင် များစွာခက်ခဲသည်ဟု ယူဆခဲ့ကြသည်။ ထို့ကြောင့် အချက်အလက်ပြည့်စုံမှန်ကန်စေရန်အတွက် ကွင်းဆင်းလေ့လာမှုများ၊ သက်ဆိုင်ရာဦးစီးအဖွဲ့ဝင်များနှင့် ညှိနှိုင်းမှုများကို ဆောင်ရွက်စေခဲ့သည်။ ကွင်းဆင်းမှုများကို ဘားအံတွင်ပြုလုပ်သော ၁၈ ကြိမ်မြောက် ပြည်ထောင်စုနေ့မှ စတင်ပြုလုပ်ခဲ့သည်။ ထိုစဉ်က ပြည်ထောင်စုနေ့သို့ တက်ရောက်ကြသော ကိုယ်စားလှယ်တော်ကြီးများအနက်မှ ၅၁၂ ဦးကို သမိုင်းဌာန၊ မနုဿဗေဒဌာနများမှ ဆရာ၊ ဆရာမများက တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ကိုယ်စားလှယ်တော်ကြီးများထံမှ သက်ဆိုင်ရာ တိုင်းရင်းသားများနှင့်ဆိုင်သော အချက်အလက်များကို မှတ်တမ်းတင်ခဲ့ကြသည်။ နောက်ဆုံး ပြည်နယ်နှင့်တိုင်း ဦးစီးအဖွဲ့များနှင့် ညှိနှိုင်းစိစစ်တည်းဖြတ်ပြီးသောအခါ တိုင်းရင်းသားလူမျိုးများအလိုက် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရှမ်း စသည်ဖြင့် စာအုပ်များကို ခွဲခြား၍ ထုတ်ဝေခဲ့သည်။ ဤသို့ဖြင့် "တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ (ကချင်)" စာအုပ်မှာ ၁၉၆၇ ခုနှစ်တွင် ထုတ်ဝေနိုင်ခဲ့လေသည်။

စာရေးသူသည် ၎င်းစာအုပ်ကို ဖတ်ညွှန်းအနေဖြင့် "ပြည်ထောင်စုနေ့မှ အစပြုလိုက်သည့် ကချင်ရိုးရာဓလေ့ထုံးစံများစာအုပ်" ဟူသော ဆောင်းပါးတစ်ပုဒ်ကိုရေးသားဖြစ်ခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က ပြုစုခဲ့သော စာအုပ်ဖြစ်သဖြင့် ပိုမိုပြည့်စုံကောင်းမွန်သော ထပ်မံပြုစုသင့်ကြောင်းလည်း ရေးသားခဲ့သည်။ လွန်ခဲ့သောရက်ပိုင်းက ဆရာမောင်သာနိုး၏ ဝေဖန်ရေးနှင့် ကျွန်တော်စာအုပ်ကို ဖတ်ရှုမိရင်း ဝေဖန်စာများကို ဖတ်ရှုလိုသော ဆန္ဒဖြစ်ပေါ်မိသည်။ ထို့ကြောင့် ဆရာကြီးမင်းသုဝဏ်၏ မြန်မာစာအုပ်များ ဝေဖန်ချက်စာအုပ်နှင့် ဆရာမောင်စွမ်းရည်၏ ပြည်သူ့ရှုထောင့်စာအုပ် ဝေဖန်ချက်များစာအုပ်များကို ပြန်လည်ဖတ်ရှုမိခဲ့သည်။ ဆရာကြီးမင်းသုဝဏ်၏စာအုပ်ဝေဖန်ချက်များမှာ ဗို့ကျောင်းသားစာစောင်၊ ဗို့ကျောင်းသားစာအုပ်စင်ကဏ္ဍမှ ဆောင်းပါးများကို စုစည်းထုတ်ဝေထားခြင်းဖြစ်ပြီး ဆရာမောင်စွမ်းရည်၏စာအုပ်ဝေဖန်ချက်များမှာ လူထုသတင်းစာတွင် ရေးသားခဲ့သောဆောင်းပါးများကိုစုစည်းထုတ်ဝေထားခြင်းဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သော ဆရာကြီးမင်းသုဝဏ်ကို လေးစားကြည်ညိုမိသောအကြောင်းကို ပြန်ကောက်ရသော် ဆရာကြီးမြန်မာစာအုပ်ဝေဖန်ချက်များတွင် "နှင်းတောင်ပေါ်က ယဉ်ကျေးမှု"ဟူသော စာအုပ်အကြောင်းလည်း ပါဝင်ခဲ့သည်။ ထိုစာအုပ်မှာ စာရေးသူ



"ပြည်ထောင်စုနေ့မှ အစပြုလိုက်သည့် ကချင်ရိုးရာဓလေ့ထုံးစံများစာအုပ်" အမည်ဖြင့် ရေးသားခဲ့သော "ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ(ကချင်)" စာအုပ်အကြောင်းပင်ဖြစ်သည်။ စာအုပ်ချင်းတူသော်လည်း ဆရာကြီး၏နာမည်မှာ "နှင်းတောင်ပေါ်က ယဉ်ကျေးမှု"။ မူရင်းစာအုပ်နှင့်အလွန်လိုက်ဖက်ကာ လှသောကဗျာဆန်သော နာမည်လေးပင်။ ထို့ကြောင့်ပင် လူအများက နှုတ်ရှလှပသောစကားလုံးများကိုကြားလျှင် "လှလိုက်တာ၊ ကဗျာဆန်လိုက်တာ"ဟု ပြောဆိုကြခြင်း ဖြစ်ပေလိမ့်မည်။ ဆရာကြီးမှာလည်း အထင်ကရကဗျာဆရာကြီးဖြစ်နေ၍လားမပြောတတ် လှလိုက်ကဗျာဆန်လိုက်သည့်နာမည်လေးကို ရွေးခဲ့လေသည်။ နှင်းတောင်ပေါ်က ယဉ်ကျေးမှု ဆောင်းပါးတွင် ဆရာကြီးက စိတ်ပါဝင်စားဖွယ်ကောင်းသော ကချင်တို့၏ရိုးရာဓလေ့ထုံးစံများကို ဖတ်ရှုရကြောင်း ဆိုသည်။ ဝေဖန်ချက်အနေနှင့်မူ "ပထဝီအနေအထားအခန်းတွင် ရာသီဥတုအကြောင်း၊ ပကတိပေါက်ပင်များအကြောင်း၊ သယံဇာတပစ္စည်းများအကြောင်းစသော သိသင့်သိထိုက်သည့်အကြောင်းအရပ်များကို ဖတ်ရသည့်အခါ သားငှက်တိရစ္ဆာန်တို့အကြောင်းပါမလာသည်မှာ ထင်ပေါ်လာပါသည်"ဟု ဆိုသည်။ ဆက်လက်၍ "ယခုအခါတွင်ကား မြန်မာ့ကျေးငှက်တိရစ္ဆာန်တို့ အလွန်ပြုန်းတီးသွားလေသည်။ ကချင်ပြည်နယ်စသော နယ်အနည်းငယ်လောက်တွင်သာ အသင့်အတင့်ကျန်နေရစ်သည်။ ထို့ကြောင့် ကချင်ပြည်နယ်အကြောင်းကိုရေးရာတွင် ပကတိပေါက်ပင်နှင့် သယံဇာတပစ္စည်းများအကြောင်းကိုထည့်သည့်နည်းတူ ကျေးငှက်တိရစ္ဆာန်တို့၏ အကြောင်းကိုလည်း ထည့်သင့်သည်ထင်သည်"ဟု ဆိုခဲ့သည်။

ထို့ပြင် စာမျက်နှာ ၁၃ တွင် ပါဝင်သော အပူပိုင်းအမြဲစိမ်းလန်းဒေသသစ်တောများတွင် သစ်ဆွေးလွယ်ပင် ပေါက်သည်ဆိုသည်မှာ မှားကြောင်း၊ အမှန်မှာ သစ်ဆွဲလွဲပင်ဖြစ်ကြောင်း ထောက်ပြသည်။ ဝါးပိုးမျက်ဆံကြီးဆိုသည်မှာလည်း ဝါးပိုးမျက်ဆန်ဖြစ်ကြောင်း ထောက်ပြခဲ့သည်။ ဆက်လက်၍ အောက်ခြေတွင် အင်္ဂလိပ်စာဖြင့် မှတ်ချက်ပေးသည်မှာလည်း ယခုထက်ပို

# စုံတွဲများ အပျော်မလွန်ကြစေရန်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်စေရန် Kach

ဖေဖော်ဝါရီ ၁၄


ချစ်သူများနေ့တွင် လူငယ်စုံတွဲများအား အပျော်မလွန်ကြစေရန်အတွက် ပညာပေးအစီအစဉ်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးလှုပ်ရှားမှုကို မနောင်ကွင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် ဆောင်ရွက်ခဲ့သည်။

အဆိုပါလှုပ်ရှားမှုကို Kachin Women Union လူမှုအဖွဲ့အစည်းက ဦးဆောင်ကာ ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် မြစ်ကြီးနားမြို့ရှိ မနောင်ကွင်း၌ ကျင်းပသွားခဲ့ခြင်းဖြစ်ပြီး လူငယ်များအား လက်ရှိမြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးတွင် အမျိုးသမီးနှင့်လူငယ်များ ပါဝင်သင့်သည့် အခန်းကဏ္ဍများ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုကဏ္ဍတိုင်းတွင် အမျိုးသမီးများပါဝင်နိုင်ရန် အမြင်ဖွင့်ပေးမှုများ ပြုလုပ်ခဲ့သည်ဟု ဆရာမ မရန်ဆိုင်းခေါန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ထိုပညာပေးအစီအစဉ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးလှုပ်ရှားမှုကို ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ လူငယ်များ ချစ်သူများနေ့၌ အခြားနေရာသို့သွားရောက်ကာ အပျော်ကျူးခြင်းမှ ရှောင်ရှားနိုင်ရန်သာမက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရာတွင် လူငယ်များပါဝင်လာစေရန်ဖြစ်ကြောင်း Kachin Women Union လူမှုအဖွဲ့အစည်းမှ ဆရာမမရန်ဆိုင်းခေါန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ချစ်သူများနေ့မှာ လူငယ်တွေ တည်းခိုခန်းတို့ ကေတီဗီတို့ကို သွားမယ့်အစား အခုလို အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်ရင်း အကျိုးရှိစွာ အချိန်ကိုအသုံးချတတ်စေရန်နဲ့ လူငယ်တွေလည်း အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုတွေကို အလိုမရှိဘဲ ဝိုင်းဝန်းတိုက်ဖျက်လာစေရန် ဖြစ်ပါတယ်"ဟု ဆရာမ မရန်ဆိုင်းခေါန်က ဆက်လက်ပြောသည်။

ယင်းအခမ်းအနားသို့ တက်ရောက်လာသူများအား "အမျိုးသမီးများအပေါ် ဘယ်တော့မှ အကြမ်းမဖက်တော့ပါ"ဟု ကတိကဝတ်ပြုစေခြင်းများပြုလုပ်ခဲ့ပြီး One Billion Rising အကများဖြင့် အမျိုးသမီးအကြမ်းဖက်မှုကို အလိုမရှိကြောင်း သရုပ်ပြခြင်းများ၊ အုပ်




၍ ပီသမှန်ကန်ဖို့လိုကြောင်း၊ အက္ခရာဝလီအညွှန်း(အင်ဒက်) ပေးနိုင်လျှင် ကောင်းမည်ဖြစ်ကြောင်း၊ ကချင်ဝေါဟာရအဘိဓာန်လည်း ပါသင့်ကြောင်း ဝေဖန်ခဲ့လေသည်။ အချုပ်ဆိုရသော် ဆရာကြီး၏နှင်းတောင်ပေါ်က ယဉ်ကျေးမှုစာအုပ်ဝေဖန်ချက်များကို ဖတ်ရှုမိရင်း ဆောင်းပါးနာမည်ပေးပုံ၊ အားနည်းချက်များကို ထောက်ပြပုံ၊ အမှားများကို ပြင်ဆင်ပေးပုံများနှင့်ပတ်သက်၍ များစွာပညာရခဲ့သည်။ တစ်နည်းအားဖြင့် စာအုပ်ဝေဖန်ချက်နှင့်ပတ်သက်၍ များစွာပညာရခဲ့ပါသည်။ ထို့ကြောင့် ဆရာကြီး၏ ပညာရိပ်ကိုခိုလှုံနေသော တပည့်သားမြေးတစ်ဦးအဖြစ် ဆရာကြီးအသက် ၁၀၉ နှစ်ပြည့် မွေးနေ့အခမ်းအနားတွင် ဆရာကြီး၏ပညာဂုဏ်ကို ဦးခိုက်ကန်တော့မိခဲ့ပါတော့သည်။ ■

# ကျိန်ခရန်ချောင်းရှိ ဆိုင်ခန်းများကို ဧပြီလအထိ ရောင်းချခွင့်ပြုရန် အစိုးရထံစာတင်

ဖေဖော်ဝါရီ ၂၀

အောင်မြင်သာစံပြကျေးရွာရှိ ကျိန်ခရန်ချောင်းတစ်လျှောက်တွင် ဖွင့်လှစ်ထားသော အပန်းဖြေစခန်းများမှ ဆိုင်ခန်းများကို တစ်ပတ်အတွင်း နေရာရွှေ့ပေးရန် ပြည်နယ်အစိုးရက ပြောကြားထားခြင်းနှင့်ပတ်သက်၍ ရက်နောက်ဆုတ်ပေးရန် ဒေသခံဆိုင်ပိုင်ရှင်များက သက်ဆိုင်ရာ တာဝန်ရှိသူများထံ အသနားခံစာ တင်ထားသည်ဟု သိရသည်။

ဆိုင်ပိုင်ရှင်များသည် ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် မြို့နယ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးများထံသို့ ယခုလ ၁၉ ရက်နေ့တွင် အသနားခံစာ တင်ပြထားကြောင်း သိရသည်။

ထိုနေရာတွင် ဖွင့်လှစ်ထားသည့် ဆိုင်ခန်းများသည် ချောင်းအလယ်တွင် ရှိသည့်အတွက် လာရောက်သည့်ဧည့်သည်များက အမှိုက်များအား ချောင်းအတွင်း ပစ်ချကြကြောင်း၊ ထို့ကြောင့် ချောင်းရေများညစ်ပတ်ကာ ဝန်းကျင်သန့်ရှင်းမှု ပျောက်ဆုံးလာကြောင်း၊ ထို့အတွက် အဆိုပါဆိုင်ခန်းများအား ကုန်းအမြင့်ပေါ်သို့ ရွှေ့ပြောင်းဖွင့်လှစ်ပေးရန် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ယခုလ ၁၄ ရက်နေ့တွင် လာရောက်အသိပေးခဲ့သည်ဟု သိရသည်။

"ဆိုင်ခန်းဆောက်ထားတာမကြာသေးဘူး။ အကုန်လုံးက ပြောင်းရွှေ့ကျေးရွာထဲက ဒေသခံတွေပဲ။ အခုလို ချက်ချင်းကြီး ဆိုင်ခန်းတွေကို ဖြုတ်ပစ်ဖို့ကျတော့ အဆင်မပြေဘူး။ အခက်အခဲဖြစ်ရတယ်။ ဒါကြောင့် ဧပြီလ တစ်ရာသီလောက် ရောင်းချခွင့်ပေးဖို့ အစိုးရကို စာတင်ထားတယ်"ဟု ဒေသခံဆိုင်ပိုင်ရှင်တစ်ဦးဖြစ်သော ဒေါ်မရစ်လုရာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

မြစ်ဆုံစီမံကိန်းကြောင့် ပြောင်းရွှေ့လာခဲ့ရသည့် အောင်မြင်သာစံပြကျေးရွာ ဒေသခံများသည် ၎င်းတို့၏စားဝတ်နေရေးအတွက် ကျိန်ခရန်ချောင်းတစ်လျှောက်တွင် အပန်းဖြေစခန်းများ ဖွင့်လှစ်၍ ဝါးဆိုင်ခန်းများ တည်ဆောက်ကာ အစားသောက်များရောင်းချကြသည်ဟု သိရသည်။

"အခုလို ဆိုင်ခန်းအားလုံးကို တစ်ပတ်အတွင်းဖြုတ်လိုက်ပြီဆိုရင် စားဝတ်နေရေး ခက်ခဲသွားမယ်။ ဆောက်ထားတာ နှစ်လတောင် မရှိသေးဘူး။ ဆောက်ထားတဲ့ တန်ဖိုးက ၄ သိန်းလောက် ရှိတယ်"ဟု ဒေါ်မရစ်လုရာက ဆက်လက်ပြောသည်။

ချောင်းအထက်ပိုင်းရှိ ၁၅ ပေခန့် မြင့်သည့် ကုန်းမြေပေါ်တွင် ဆိုင်ခန်းများ ပြောင်းရွှေ့ဖွင့်လှစ်ခြင်းကြောင့် လာရောက် လည်ပတ်သည့် ဧည့်သည်များ စိတ်ကျေနပ်မှု မရှိနိုင်တော့ကြောင်း၊ ဧည့်သည်များသည် ချောင်းရေပေါ်တွင် ဆောက်ထားသည့် ဆိုင်ခန်းများကို ပိုမို နှစ်သက်သဘောကျကြောင်း ကြိုးတံတားအပန်းဖြေစခန်းရှိ စားသောက်ဆိုင်ခန်းပိုင်ရှင် ဒေါ်ဂျာနူးက ပြောသည်။

"ကျွန်မတို့က ဆောက်ထားတာ မကြာသေးဘူး။ အခု ပြန်ဖြုတ်ရမယ်ဆိုတော့ အရမ်းလန့်သွားတယ်။ ကလေးတွေကိုလည်း ဒီဆိုင်ကဝင်တဲ့ ငွေလေးနဲ့ပဲ ရှာကျွေးနေရတာ"ဟု ဒေသခံဆိုင်ရှင်တစ်ဦးဖြစ်သည့် ဒေါ်ဆိုင်းခေါ်နက ပြောသည်။

အောင်မြင်သာစံပြကျေးရွာတွင်ရှိသည့် ကျိန်ခရန်ချောင်းအတွင်း ဖွင့်လှစ်ထားသော စားသောက်ဆိုင်ခန်း ပေါင်း ၅၀ ကျော်ရှိပြီး၊ ဧည့်သည်များသည် ထိုအပန်းဖြေစခန်းသို့ ပွဲလမ်းသဘင်ရှိသည့်နေ့ရက်များနှင့် အစိုးရရုံးပိတ်ရက်များတွင် အများဆုံး လာရောက်လည်ပတ်လေ့ရှိကြောင်း သိရသည်။

ဆန်လတ်


အရိုးပါး အရိုးပွ ရောဂါရှိသူများ
ဆောင်ရန်
စီတာမင် ဒီ ကြွယ်ဝသောအစားအစာများ (ဥပမာ - ကြက်ဥ၊ ဘဲဥ၊ ဒိန်ချဉ်၊ ဒိန်ခဲ၊ အသည်း) စားသုံးပါ။
သဘာဝ ကယ်လ်ဆီယမ်ဓာတ် ကြွယ်ဝသော အစားအစာများ (ဥပမာ - နွားနို့၊ ကန်စွန်းရွက်၊ ဟင်းနုနွယ်ရွက်)ကို စားသုံးပါ။
ဂလူကိုဆမင်းနှင့် နူးရိုးဓာတ် ပါဝင်သော အစားအစာများ
(ဥပမာ - အရိုးပါဝင်စားသုံးရသော ငါးသေတ္တာ၊ မှုန့်ဆီထိုက်ကလေးများ)ကို ရှောင်ပါ။
အင်တီအောက်ဆီးဒင့်ဓာတ် (Antioxidant) နှင့် ဘိုရွန်ဓာတ် (Boron) ကြွယ်ဝစွာပါဝင်သည့်
လတ်ဆတ်သော အသီးအရွက်များကို စားသုံးပါ။ လတ်ဆတ်သောသစ်သီးဖျော်ရည်မျိုးကို သောက်သုံးပါ။
ဖိုင်တိုအီစထရိုဂျင်ဓာတ် (Phytoestrogen) ကြွယ်ဝစွာပါဝင်သော အစားအစာများ
(ဥပမာ - ပဲပိစပ်၊ ပဲပင်ပေါက်၊ ပဲပုပ်၊ ပဲနို့၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ပန်းသီး၊ မုန်လာဥနီ) စားသုံးပါ။
ဆန့်မှာ အစေ့အဆံများ (ဥပမာ - သင်္ဘောသီး၊ ကြံ့ခံသီး၊ နေကြာစေ့၊ ဖရုံစေ့) ကို မကြာခဏစားသုံးပါ။
အရိုးများ...ကို ကာကွယ်ရန် မပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ
(ဥပမာ - လမ်းလျှောက်ခြင်း၊ ရေကူးခြင်း) နေ့စဉ် ပုံမှန်ပြုလုပ်ပါ။
တစ်နေ့လျှင် အနည်းဆုံး မိနစ် (၂၀) ခန့် နံနက်ခင်းနေရောင်ခြည်နှင့် အရေပြား တိုက်ရိုက် ထိတွေ့ပါ။
အသက်(၄၀)ကျော်ပါက သဘာဝ ကယ်လ်ဆီယမ် နှင့် သဘာဝ ဗီတာမင် ဒီ ပါဝင်သော ဆေးဝါးများကို နေ့စဉ်သောက်သုံးပါ။
အဆစ်များ သန်စွမ်းရန် လိုအပ်သော ဂလူကိုဆမင်းဆာလဖိတ် (Glucosamine sulphate) နှင့်
အရိုးနုများ တည်ဆောက်ရန် လိုအပ်သော နူးရိုးဓာတ်ဆာလဖိတ် (Chondroitin sulphate) ပါဝင်သော
သဘာဝဆေးဝါးများကို နေ့စဉ်မှီဝဲပါ။

## …in Women Union က လှုပ်ရှားမှုတစ်ခုပြုလုပ်



စုလိုက် ဆော့ကစားခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထိုအခမ်းအနားသို့ မြစ်ကြီးနားမြို့ရှိ လူငယ် ၁၀၀ ခန့်က ပါဝင်ခဲ့ကြသည်ဟု သိရသည်။

ဆိုင်းထွယ်ဇင်

# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း




## အဖြူရောင်အိပ်မက်

| | |
|---|---|
| စာရေးသူ | = အကြီးကိုကို (ကသာ) |
| ထုတ်ဝေသူ | = ဆောင်းစုရတီစာပေ |
| တန်ဖိုး | = ၃၀၀၀ ကျပ် |

ဆရာအကြီးကိုကို(ကသာ)၏ ဒုတိယမြောက်စာအုပ်ဖြစ်သည်။ ကဗျာသည် ခေတ်ကို ထင်ဟပ်ပြရာတွင် အကောင်းဆုံးနှင့် အထိရောက်ဆုံးသော စာပေအမျိုးအစား ဖြစ်ပါသည်။ ကဗျာသည် ဘဝဒဿန၊ နိုင်ငံရေး၊လူမှုရေး၊စီးပွားရေး၊ သမိုင်း၊အတွေးအခေါ်၊အချစ် အလွမ်းအဓော စသည့်နယ်ပေါင်းစုံ၊ ရှုဒေါင့်ပေါင်းစုံကိုဖြန့်ကျက်နိုင်သော လွှမ်းမိုးနိုင်သောအနုပညာလက်ရာတစ်မျိုးဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်က ကဗျာဆို တာ ကျွန်မတို့ရဲ့ ရှုန်းကန်သံပါပဲဟု လည်းပြောခဲ့ဖူးသည်။ ယခုဆရာအကြီးကိုကို၏ ကဗျာစာအုပ်တွင် ကဗျာပုဒ်ရေ(၁၇၆) ပုဒ်ပါဝင်ပြီး အမျိုးတူစုစွဲကာ ရေးသားဖော်ပြထားပါသည်။ အောင်မြင်ရေးသီအိုရီကဗျာ ဆရာ၏ရှုန်းကန်သံကို ကျွန်တော်တို့ကြားရလိမ့်မည် ထင်ပါသည်။

'နှင်းဟာ ဆွတ်ဆွတ်ဖြူလို့ . . .။ လူမကူးတဲ့ကောင်းကင်ထက်က တစ်ခြမ်းပဲ့လ။ဒီဇင်ဘာရဲ့သမိုင်းကြောင်းထဲက လရဲ့အရိပ်မှာ ဖမ်းချိတ်ထားတဲ့ပုခက်။ ဩော်. . . အမေ့ရွှေစက်တွေ ပြီးတော့အမေ့လက်တွေဟာ အေးစက်နေမှာပါလား၊ ဝေဝါးပြီး မှုန်ရော်ကြည့်အမေ့အသက်ဟာ သုညနဲ့တစ်ရာကြား ဘယ်ဘက်ကိုများ မယ်ထင်သလဲ။ အနုတ်သုည သုညမှာတောင် အနုတ်နဲ့တဲ့ မလှုပ်ယှက်နိုင်တော့တဲ့ အမေ့ခန္ဓာဟာ 'အူဝဲရအူဝဲ'ဆိုတဲ့ သားရဲ့ငိုသံသာကြောင့် ဒီဇင်ဘာမှာတစ်ရေးနိုး အမေ့ကျောပေါ်မှာ စီးပိုးခဲ့တဲ့သေမင်း ဆွတ်ဆွတ်ဖြူနေတဲ့ နှင်းပန်းခင်းထဲကထွက်ပြေး အချိန်အတော်လေးကြာတော့ အမေဟာ 'အိုရအေး၊အိုးရအေး'နဲ့ တေးဆိုလို့ ချော့သိပ် တစ်ခြမ်းပဲ့လရဲ့ အရိပ်မှာ ဖမ်းချိတ်ထားတဲ့ပုခက်ထဲ သားဟာ အိပ်စက်လို့ အင်း. . . သားကတော့ အိပ်စက်လို့ပါပဲ။ (တစ်ခြမ်းပဲ့လအရိပ် ဖမ်းချိတ်ထားတဲ့ပုခက်မှ)


'ငါမင်းကို အတုတွေပေးခဲ့မိတာခွင့်လွှတ်ပါငါဟာနှလုံးသားအတုနဲ့လူပေါ့။

ငါ့ရင်ထဲမှာ နာနေတဲ့ဒဏ်ရာ မနာသလို ငါပြုံး ကွယ်ဝှက်လို့ ဖုံးအုပ်ပြီး။

ငါ့ခန္ဓာကိုယ်က အနာတရနဲ့ဒဏ်ရာ ဘာမှမဖြစ်သလိုနဲ့ ပြုံး မျက်နှာမှာ ဖုံးအုပ်ပြီး။

ငါ့နှလုံးသားမှာ ခံစားနေတဲ့အနာ ဟန်ဆောင်ကာ ဖုံးအုပ် မျက်နှာဖုံးတွေချုပ်ခဲ့ပြီး အသီးသီး အသီးသီး တစ်နည်းနည်းနဲ့လိမ်ညာ မင်းစိတ်သက်သာရာရစေကြောင်း။

ငါမင်းကိုအတုတွေပေးခဲ့မိတာ ခွင့်လွှတ်ပါ ငါဟာ နှလုံးသားအတုနဲ့လူပေါ့။ ။(စာ- ၇၇၊ နှလုံးသားအတုနဲ့လူမှ)




## သိုးပုပ်နေသော မှတ်ဉာဏ်တွဲများ

| | |
|---|---|
| စာရေးသူ | = တည်တံ့ |
| ထုတ်ဝေသူ | = နှင်းဆီဖြူစာပေ |
| တန်ဖိုး | = ၃၅၀၀ ကျပ် |

မြန်မာ့ရသစာပေတွင် အမျိုးအစားများစွာရှိပါသည်။ အကြမ်းဖျင်းအားဖြင့်ပြောရလျှင် ဘဝသရုပ်ဖော်စာပေနှင့် မော်ဒန်ခေတ်ပြိုင်စာပေဟူ၍ ခွဲပြောရမည် ထင်ပါသည်။ ပို၍အသေးစိတ်ပြောရမည်ဆိုလျှင်တော့ အမျိုးအစားများစွာ ထွက်လာပါလိမ့်မည်။ ယခုဆရာတည်တံ့စာအုပ်နှင့် ပတ်သက်ပြီးပြောရလျှင်တော့ ယခင်ကမြန်မာ စာပေလောကတွင်တွေ့ရနည်းသည့် ခေတ်ပြိုင်မော်ဒန်အမျိုးအစားတွင် ထည့်သွင်းရမည်ထင်ပါသည်။ ကိုင်တွယ်ထားသည့် အကြောင်းအရာများမှာ စိတ်အတွင်းသားများကို အသေးစိတ်ကိုင်တွယ်ထားပြီး လိင်နှင့်ပတ်သက်သည့်အတွေးများ၊ အထီးကျန်ခြင်း၊ စိမ်းသက်ခြင်း၊ဘဝနှင့်ပတ်သက်သည့် သမားရိုးကျမဟုတ်သော အတွေးအမြင်များ၊ ရှိရင်းစွဲလေ့ထုံးတမ်းစဉ်လာများ၏ အပြင်မှနေ၍ လူအဖြစ်ရှိနေခြင်းများ၊ ဖြစ်တည်မှုအစရှိသည့် အကြောင်းအရာများကို ရေးဟန်ရေးနည်းအသစ်ဖြင့် ရေးသားထုတ်ဖော်ထားခြင်းများဖြစ်ပါသည်။ ဆရာတည်တံ့သည်ယခင်က တစ်ကိုယ်ရေစာနာဖျားမှုဆိုသည့် စာအုပ်ထွက်ရှိထားပြီး ယခု သိုးပုတ်နေသော မှတ်ဉာဏ်တွဲများမှာ ဒုတိယမြောက်စာအုပ်ဖြစ်ပါသည်။

"တစ်ကြိမ်မှာတော့ပူအိုက်တဲ့ညတစ်ခုမှာ ကျွန်တော့်အခန်းကနေ များစွာအလှမ်းမကွာတဲ့ ပန်းခြံတစ်ခုကို လမ်းလျှောက်ထွက်လာခဲ့တယ်။ အဲဒီအခါက Hunger ရဲ့နောက်ဆုံးစာမျက်နှာတွေကို ပူပူနွေးနွေးဖတ်ရှုပြီးချိန်။ လမ်းလျှောက်ဖို့မူလကစိတ်ကူးလာခဲ့ပေမယ့် ပန်းခြံရောက်တဲ့အခါ ခုံတန်းလျားတစ်ခုပေါ် ထိုင်ရင်း ဟမ်ဆန်ရဲ့ အနုပညာပစ္စလက်အကြောင်း အလွန်မြိန်မြိန်ယှက်ယှက် စားသုံးလိုက်ရတဲ့ ဟင်းပွဲတစ်ပွဲ ပြန်ပြောင်းခံစားရသလို တွေးနေမိတယ်။ ပါးလွှာတဲ့စာအုပ်တစ်အုပ်နဲ့တင် ဟမ်ဆန်ဟာ ကျွန်တော့်စိတ်ကွင်းပြင်အတွင်း ဘယ်သောအခါမှ ဖယ်ရှားဖြိုလှဲပစ်လို့မရတော့တဲ့ ရောမကျောက်တိုင်ကြီးတစ်ခုကို စိုက်ထူလိုက်တာ။ ကျွန်တော်တို့ရဲ့ အာရုံစိတ်ဝမ်းအတွင်းက အနူးညံ့ဆုံးကြိုးမျှင်တွေကိုရောက်ရှိထိခတ်နိုင်ခဲ့ပြီဆိုတဲ့အခါ အဲဒီစာအုပ်ဟာ အခြားအနုပညာပုံစံ အားလုံးပေါင်းစည်းထားတာထက်တောင် အားကောင်းတဲ့အရှိန်မျိုးနဲ့ ကျွန်တော်တို့ကို ကိုင်လှုပ်နိုင်တယ်။ ဒီလိုစွမ်းဆောင်နိုင်လောက်အောင် အနုပညာအရကြီးမြင့်တဲ့စာရေးဆရာတွေကတော့ လက်တစ်ဆုပ်စာထက်ပိုနိုင်မှာမဟုတ်ဘူးပေါ့။ အဲဒီလိုသေးငယ်တဲ့ စာရင်းထဲမှာနောက်ထပ်အမည် နာမသစ်တစ်ခု တိုးပွားလာပြီဆိုရင်လည်း ကျွန်တော်တို့ဟာ ကျေနပ်မှုဖြစ်ရတာချည်းပဲ။ လတ်တလောအားဖြင့်တော့ အခြားဘယ် အကြောင်းအရာကိုမှ ကျွန်တော့်အနေနဲ့ စဉ်းစားတွေးတောခြင်းမပြုနိုင်အောင် ဟမ်ဆန်ရဲ့ အနုပညာတုတည်အောက်မှာ ပိမြပ်လို့နေတယ်။ (စာ - ၇၅ မှ)

## ကဗျာကဏ္ဍ

### အခုတော့ မြစ်ကြီးနားဟာ

အခုတော့
မြစ်ကြီးနားဟာ. . .
ရောဝတီရဲ့နှိပ်စက်တွေကြားမှာ
ချစ်ခြင်းမေတ္တာငတ်နေတဲ့မြို့
မြို့ပြရဲ့အမှောင်ရောင်တွေကြားမှာ
အလင်းပျောက်နေရှာတဲ့မြို့
မှိုင်းညို့နေတဲ့ တောင်တန်းတွေကြားမှာ
အသက်ငင်နေတဲ့မြို့။

အခုတော့
မြစ်ကြီးနားဟာ. . .
နိုက်ထရိုဂျင်ငတ်လို့သေတဲ့
သစ်ပင်တွေရှိနေတဲ့မြို့
အောက်ဆီဂျင်ပြတ်လို့သေတဲ့
မြစ်ရေတွေစီးနေတဲ့မြို့
ငြိမ်းချမ်းရေးသတ်လို့သေတဲ့
လူတွေရှိနေတဲ့မြို့။

အခုတော့
မြစ်ကြီးနားဟာ. . .
နွေအခါဆို
ဆာဟာရလို ကန္တာရဆန်နေတဲ့မြို့
မိုးအခါဆို
ဒုတိယပင်းနစ်လို့
တင်စားရမယ့်မြို့
ဆောင်းအခါဆို
အတုအယောင်ဆောင်ထားတဲ့
နှင်းတွေပဲဝေနေတဲ့မြို့။

အခုတော့
မြစ်ကြီးနားဟာ. . .
ညအမှောင်လမ်းပေါ်ထွက်တာနဲ့
သရဏဂုံတင်သွားရမယ့်မြို့
တရုတ်ဆိုင်ကယ်တစ်စီးအတွက်
ဓားတစ်လက်က မင့်အသက်ကိုနုတ်ယူသွားမယ့်မြို့
ဟိုလူအပြော ဒီလူအပြောမှာတင်
သူရဲကောင်း လွယ်လွယ်ဖြစ်သွားနိုင်တဲ့မြို့။

အခုတော့
မြစ်ကြီးနားဟာ. . .
ဦးနှောက်တွေ ဖောက်စားထားခံရတဲ့မြို့
နှလုံးသားတွေ
အတုတပ်ခံထားရတဲ့မြို့
နဂါးကြီးရဲ့ခံတွင်းထဲမှာ
ပျော်ချင်ယောင်ဆောင်နေရတဲ့မြို့။

အခုတော့
မြစ်ကြီးနားဟာ. . .
မြို့ခံတွေရဲ့ရုပ်ခန္ဓာမှာ
စိတ်မြုပ်မိုင်းတွေ အမြုပ်ခံထားရတဲ့မြို့
မြို့လယ်ခေါင်မှာ
ငါတို့နားမလည်တဲ့ဘာသာစကားတွေနဲ့
အထပ်မြင့်အဆောက်အဦတွေ
ပိုပိုများလာတဲ့မြို့
မြို့အစွန်အဖျားက
ကွက်သစ်ရပ်ကွက်လေးမှာ
ငါတို့မြို့ခံတွေ အသက်ရှူရတာ
ပိုပိုကျပ်လာတဲ့မြို့။

အခုတော့
မြစ်ကြီးနားဟာ. . .
အခုတော့
မြစ်ကြီး. . . အနားမှာ။ ။

လှမနော

# ငါးလုပ်ငန်းဦးစီးဌာနတွင် ဝန်ထမ်းအင်အားမလုံလောက်၍ အဆိပ်ခတ်ငါးဖမ်းနေသူများကို မစစ်ဆေးနိုင်ဟုဆို

ဖေဖော်ဝါရီ ၁၇

မြစ်ကြီးနားခရိုင် ငါးလုပ်ငန်းဦးစီးဌာနတွင် လုံလောက်သည့် ဝန်ထမ်းအင်အားမရှိခြင်းကြောင့် ချောင်းများတွင် ငါးများကို အဆိပ်ခတ်၍ ဖမ်းဆီးနေသူများအား စစ်ဆေးဖော်ထုတ်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

"ဝန်ထမ်းအင်အား မရှိတော့ အခင်းဖြစ်တဲ့ မြေပြင်ကို သွားပြီး အမြဲတမ်းမကြည့်ရှုနိုင်ဘူးလေ။ ဒီတော့ တရားခံကို ဖော်ထုတ်နိုင်ခြင်း မရှိသေးဘူး"ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ မြစ်ကြီးနားခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်မှူး ဒေါ်ရွှယ်တောင်က ပြောသည်။

ထို့သို့ ငါးများကို အဆိပ်ခတ်ဖမ်းဆီးနေသူများအား လိုက်လံကြည့်ရှု မစစ်ဆေးနိုင်ခြင်းကြောင့် ကျေးရွာအတွင်းရှိ ပြည်သူများနှင့် အုပ်ချုပ်ရေးမှူးများအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြစေရန် မိမိတို့ဌာနက ကျေးရွာများတွင် လစဉ်ကွင်းဆင်းစစ်ဆေးမှုများနှင့် ပညာပေးဟောပြောပွဲများကို ပြုလုပ်ပေးနေကြောင်း သိရသည်။

"ငါးတွေကို အဆိပ်ခပ်သတ်တာနဲ့ ပတ်သက်ပြီးတော့ တစ်ကြိမ်ပဲ ကြားသေးတယ်။ ဒါတောင် အုပ်ချုပ်ရေးမှူး လာပြောပြလို့သိရတာ။ ကျွန်မတို့က ဝန်ထမ်းအင်အားနည်းတော့မသိနိုင်ဘူး။ ဝိုင်းမော်မှာဆိုရင် နန်မြင်းချောင်းမှာ အမြဲတမ်း အဲလိုတွေဖြစ်တတ်တယ်။ အဲဒါလည်း ဘယ်တော့မှ တရားခံမမိဘူး။ သူတို့က ဘယ်အချိန် အဆိပ်လာခတ်မယ်ဆိုတာကို မသိတော့ ဖမ်းရခက်တယ်"ဟု ဒေါ်ရွှယ်တောင်က ပြောသည်။

ငါးများကို အဆိပ်ခတ်သတ်ပြီး ဖမ်းဆီးရာတွင် ဆေးခတ်သူအများစုသည် ချောင်းရေခမ်းချိန်နှင့် ချောင်းရေနည်းချိန်များတွင် ပြုလုပ်လေ့ရှိကြောင်း၊ ၎င်းတို့သည်အင်ဒရင်း(ခေါ်)ပိုးသတ်ဆေးကို အများဆုံး အသုံးပြုကြကြောင်း၊ ယင်းပိုးသတ်ဆေးများသည် တစ်လခန့် ဓာတ်ပြယ်ခြင်းမရှိဘဲ ရေထဲတွင်ရှိနေနိုင်ကြောင်း သိရသည်။

"အဆိပ်ခတ်ထားတဲ့ ငါးတွေကိုစားမိရင် လူတွေက မူးဝေအော့အန်ခြင်းတွေ ဖြစ်လာမယ်။ ပြီးတော့ အာရုံကြောကို ထိခိုက်နိုင်တယ်။ အဆိပ်ကြောင့် ချက်ချင်းမသေပေမယ့် အဲဒီအဆိပ်တွေက အသည်းထဲမှာသွားစုပြီး အသည်းရောဂါတွေဖြစ်ကြတာမျိုးရှိနိုင်ပါတယ်။ အခုချိန်ထိတော့ အဲဒီရေသောက်ပြီးကျွဲနွားတွေသေတယ်ဆိုတာတော့ မကြားဖူးသေးဘူး" ဟု ဒေါ်ရွှယ်တောင်က ရှင်းပြသည်။

မိမိတို့နေထိုင်သည့် ရပ်ကွက်အတွင်း ငါးများကိုအဆိပ်ခတ်ဖမ်းဆီးနေပါက ဒေသခံပြည်သူများနှင့် အုပ်ချုပ်ရေးမှူးများအနေဖြင့် မြစ်ကြီးနားခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်းကာ တရားခံများကို ကူညီဖမ်းဆီးပေးစေလိုကြောင်း၊ ထို့သို့ဖမ်းဆီးမှုသာ ဥပဒေချိုးဖောက်သူများကို ထိရောက်သည့် ပြစ်ဒဏ်ချမှတ်နိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ဒီတစ်ခေါက်လည်း အင်ဂျန်းခချောင်းမှာ အဆိပ်ချတဲ့ သူတွေကို ဘယ်သူ့ကိုမှ မဖမ်းမိလိုက်ဘူး။ ဒီတော့ ရဲစခန်းမှာ အမှုမဖွင့်နိုင်ဘူး။ သူတို့က တော့ ရေခမ်းရင် အမြဲလုပ်နေကျပဲ။ ဆေးခတ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး သူတို့က ဘယ်အချိန်ခပ်လိုက်မှန်း ဘယ်သူမှ မသိလိုက်ဘူးလေ။ ငါးသေပြီး ပေါ်လာမှ အားလုံးကသိကြတာဆိုတော့ အရမ်းဖမ်းရခက်တယ်" ဟု မြစ်ကြီးနားခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒေါ်ရွှယ်တောင်က ပြောသည်။



ဓါတ်ပုံ - စည်သူ(မြစ်ကြီးနား)

ထို့ကြောင့် လူတွေအတွက် အန္တရာယ်ဖြစ်စေနိုင်သော ဆေးဝါးများဖြင့် ငါးဖမ်းခြင်းကို မပြုလုပ်စေလိုကြောင်းနှင့် ပြည်သူအားလုံး ပူးပေါင်းကာ တားမြစ်စေလိုကြောင်း ဒေါ်ရွှယ်တောင်က ဆက်လက်ပြောသည်။

၂၀၀၇ - ၂၀၀၈ ဘဏ္ဍာနှစ်တွင် လျှပ်စစ်ရှော့တိုက်၍ ငါးဖမ်းမှုနှစ်မှုရှိခဲ့ပြီး ဆေးခပ်သည့်အမှုတွင်မူ တရားခံဖမ်းဆီးနိုင်ခြင်း မရှိသည့်အတွက် အမှုမဖွင့်နိုင်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေကို ၂၀၀၆ ခုနှစ် မေလ ၁၃ ရက်တွင်ပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေထဲတွင် အခန်း ၁၃ ခန်းပါဝင်ကြောင်း၊ ထိုဥပဒေထဲတွင် မည်သူမျှရေချိုငါးလုပ်ငန်းပြုလုပ်ခွင့်မရဘဲ ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ လျှပ်စစ်ဓာတ်အားကို အသုံးပြု၍ငါးဖမ်းခြင်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်းဖြင့် ငါးဖမ်းခြင်းသို့မဟုတ် အကျိုးဖျက်ဆီးခြင်း မပြုလုပ်ရ စသည့်အချက်များဖြင့် တားမြစ်ထားကြောင်း သိရသည်။

အဆိုပါ တားမြစ်ချက်များကို ဖောက်ဖျက်ပါက ၂ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ အပြစ်ပေးအရေးယူနိုင်ကြောင်း သိရသည်။

ရေချိုငါးလုပ်ငန်းဥပဒေကို ၁၉၀၅ ခုနှစ်တွင် အင်္ဂလိပ်အက်ဥပဒေဖြင့် လည်းကောင်း၊ ၁၉၉၀ ခုနှစ်တွင် တစ်နိုင်ငံလုံး ရေချိုငါးဥပဒေ ဟူ၍လည်းကောင်းပြဋ္ဌာန်းခဲ့ကြပြီး၊ ၂၀၀၃ ခုနှစ်တွင်ပြည်နယ်နှင့်တိုင်းအလိုက် ဥပဒေအသီးသီးပြဋ္ဌာန်းကာဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထို့အပြင် ရေလုပ်သားများအနေဖြင့် ငါးရစ်၊ ငါးသန်ကာလဖြစ်သည့် တန်ခူးလနှင့် ဝါဆိုလအတွင်း ငါးဖမ်းဆီးခြင်း မပြုလုပ်ဘဲ ငါးမျိုးများကို ထိန်းသိမ်းခြင်းများပြုလုပ်ရန် ဥပဒေအရ တားမြစ်ထားကြောင်း၊ လိုက်နာခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြစ်ကြီးနားခရိုင်အတွင်း တင်ဒါပေးထားသည့် အင်း ၃၇ အင်း၊ ချောင်း ၃၉ ချောင်းရှိပြီး ယင်းသို့ တင်ဒါပေးထားသည့် ရေလုပ်သားများကို ငါးဖမ်းမည့် အချိန်ကာလ သတ်မှတ်ပေးထားကြောင်း၊ တားမြစ်ထားသည့် ငါးဖမ်းခြင်းများကို မပြုလုပ်ရသည့် ကာလများတွင် ငါးဖမ်းပါက ဥပဒေအရ အရေးယူခြင်းခံရမည်ဟု ဝန်ခံလက်မှတ်ရေးထိုးစေ၍ လုပ်ငန်းလုပ်ဆောင်စေကြောင်း သိရသည်။

အဆိုပါဥပဒေ၌ ရေချိုငါးလုပ်ငန်းတွင် ရွှေဖောင်များဖြင့် ရွှေတူးဖော်နေကြသူများကိုလည်း ဥပဒေအရ အရေးယူခွင့်ရှိကြောင်း၊ ယခုနှစ်အတွင်း ရွှေဘိုမြို့နယ်ရှိ ရေချိုငါးလုပ်ငန်းအတွင်း ရွှေတူးဖော်သည့် ရွှေဖောင် ၈ ဖောင်ကို ဖမ်းဆီးကာ ဥပဒေအရအရေးယူဆောင်ရွက်ထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြစ်ကြီးနားခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှရရှိသည့် အချက်အလက်များအရ သိရသည်။

မွန်းမွန်းပန်









# ငွေထုပြည်သူ့စစ်က နှောင်းခူးကျေးရွာမှ သစ်ပင်များအား ခုတ်ထွင်နေခြင်းကို ဒေသခံများမကျေနပ်

ဖေဖော်ဝါရီ ၁၇

နှောင်းခူးကျေးရွာရှိတောင်နှင့် ကုန်းမြေများပေါ်မှသစ်ပင်များကို ဦးလဆန်အောင်ဝါ၏ ငွေထုပြည်သူ့စစ် လက်နက်ကိုင်တပ်ဖွဲ့များက လုံခြုံရေးယူကာ ခုတ်ထွင်ရှင်းလင်းနေခြင်းကို ဒေသခံတောင်သူများ ကျေနပ်မှုမရှိ ဖြစ်နေကြသည်။

အဆိုပါတောင်နှင့် ကုန်းမြေများတွင် နှောင်းခူး၊ ငွေထု၊ ဝိုင်းမော်၊ ဝါးရှောင်၊ မိုင်းနား၊ ဝူယန်၊ နှောင်ချိန်း အစရှိသည့် ကျေးရွာများမှ ပြည်သူ ၁၀၀ ကျော်က ၎င်းတို့မိသားစု စားဝတ်နေရေးအတွက် လယ်ယာများ လုပ်ကိုင်လာခဲ့သည်မှာ နှစ်ပေါင်း ၄၀ ကျော်ခန့် ရှိပြီဖြစ်သည့်အတွက် ထိုသို့မဖျက်ဆီးရန် ဒေသခံများကတောင်းဆိုနေကြခြင်း ဖြစ်သည်။

"ကျွန်တော်တို့ဒေသခံတွေကို ဘာမှတိုင်ပင်ဆွေးနွေးခြင်းမရှိဘဲ ကျွန်တော်တို့ နေရာကို အတင်းအဓမ္မဝင်လာပြီး သူတို့ကြိုက်သလို လုပ်ဆောင်နေတယ်။ ကျွန်တော်တို့ သွားပြောရင်လည်း သူတို့က လက်နက်တွေနဲ့ လုံခြုံရေးယူပြီး လုပ်နေတော့ ကြောက်လို့ အရမ်းကြီး သွားမပြောရဲဘူး"ဟု ဒေသခံတောင်သူဦးလအောင်ကပြောသည်။

ငွေထုပြည်သူ့စစ် လက်နက်ကိုင်တပ်ဖွဲ့များ၏ အထက်ပါအတိုင်း လုပ်ဆောင်မှုများကြောင့် နှောင်းခူးကျေးရွာရှိ တောင်နှင့် ကုန်းမြေများကို အမှီပြုကာ လုပ်ကိုင်စားသောက်နေသည့် ပြည်သူများက ယခုနှစ်အတွင်း ၎င်းတို့အနေဖြင့် စားဝတ်နေရေး အခက်တွေ့လာရမည်ကို စိုးရိမ်နေကြရသည်ဟု ဒေသခံများက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျွန်တော်တို့ လိုအပ်တဲ့ အရာအားလုံးကို အဲဒီတောင်နဲ့ ကုန်းကပဲရတာဆိုတော့ ဒီတောင်မရှိတော့ရင် အားလုံးခက်ခဲသွားပြီ။ ဒေသခံတွေစုပြီး တိုင်ပင်ဆွေးနွေးလို့လည်း မရဘူး။ လူစုပြီဆိုတာနဲ့ သူတို့ရောက်လာပြီး လူစုခွဲတယ်။ ကျွန်တော်တို့က သစ်ပင်တစ်ပင်မှ မခုတ်ရဘူးဆိုပြီး တားမြစ်ထားပေမယ့် သူတို့က တောင်ပေါ်မှာရှိသမျှ အပင်အားလုံး ခုတ်လိုက်တယ်" ဟု ဒေသခံဦးလအောင်က ထပ်မံပြောသည်။

အဆိုပါ နှောင်းခူးကျေးရွာသည် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စုတွင်ပါဝင်သော ပြေစာမရှိသည့် ကျေးရွာတစ်ရွာဖြစ်ပြီး ထိုရွာရှိ လယ်ဧက ၁၀၀ ကျော်ခန့်တွင် ထက်ဝက်ကျော်ခန့်မှာ ပြေစာရရှိထားပြီးဖြစ်ကြောင်း၊ ယင်းကျေးရွာတွင်နေထိုင်သည့် အိမ်ထောင်စု ၂၀ ခန့်ရှိကြောင်း သိရသည်။

၎င်းတို့အပြင် အခြားကျေးရွာမှ လယ်ယာလုပ်ငန်း လာရောက်လုပ်ကိုင်သည့် တောင်သူများအားလုံးသည် မိုးရေလုံလောက်စွာမရရှိမှုကြောင့် အဆိုပါ တောင်မှရရှိသည့်ရေကို အဓိကအားထားနေရကြောင်း သိရသည်။

"လယ်ကတော့ တောင်ကြားတွေမှာ အများကြီးပဲ။ ပြေစာရထားတဲ့လယ်တွေ ပါသလို မရထားတဲ့လယ်တွေလည်း ပါတယ်။ ကုန်းမြေတွေကတော့ ပြေစာမရှိဘူး။ ကုန်းမြေပြေစာလုပ်ဖို့ မိုင်းနားအုပ်ချုပ်ရေးမှူးကို ပြောခဲ့ဖူးတယ်။ ကျွန်တော်တို့က လယ်ပဲအဓိကစိုက်ပျိုးကြတော့ ကုန်းမြေမှာ ဘာမှမစိုက်ထားဘူး။ ဘာမှမစိုက်ထားရင် သူတို့ကလုပ်ပေးလို့မရသေးဘူး စောင့်ဦးပြောလို့ မရသေးတာပါ"ဟု ဦးလအောင်က ပြောသည်။

ထို့သို့ တောင်များအားလုံးရှိ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းလိုက်ခြင်းကြောင့် ရေဝေရေလဲနေရာပျက်စီးကာ လယ်ကွင်းအတွင်း ရေမရရှိတော့သည့်အတွက် တောင်သူများ၏ စိုက်ပျိုးမြေများ ပျက်စီးခြင်း၊ ကုန်းမြေများ ခုတ်ထွင်လိုက်ခြင်းကြောင့် ပျိုးစိုက်ပျိုးမည့်နေရာနှင့် လူနေအိမ်များ ဆောက်လုပ်နိုင်ခြင်း မရှိတော့ခြင်းအပြင် စားကျက်မြေများ ဆုံးရှုံးလာမည်ကို စိုးရိမ်နေကြရသည်ဟု ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

"လယ်ကိုကျတော့ ၁၀ ပေချန်ထားပေးမယ်ဆိုပြီး ပြောတယ်။ အဲဒီလောက်နဲ့ ကျွန်တော်တို့နွားတွေက ဘယ်က အစာသွားစားရမှာလဲ၊ ဘယ်မှာ ပျိုးသွားစိုက်ရမှာလဲ၊ ရေကို ဘယ်ကယူရမှာလဲ။ တောင်ကြားကလယ်ဆိုတော့ နွံကအရမ်းနက်တယ်။ စက်လည်း ဝင်လို့မရဘူး။ နွားနဲ့ပဲ ရုန်းနေရတာ။ သူတို့ရဲ့ လုပ်ရပ်တွေကြောင့် ကျွန်တော်တို့ ဒေသခံတောင်သူတွေပဲ နစ်နာနေရတယ်"ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

နှောင်းခူးကျေးရွာရှိ တောင်နှင့်ကုန်းမြေများပေါ်မှသစ်ပင်များကို ခုတ်ထွင်နေခြင်းနှင့် ပတ်သက်၍"ကြားရသလောက်တော့ လဆန်အောင်ဝါနဲ့ နှောင်ချိန်းကျေးရွာက ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအဖွဲ့(CF)တွေနဲ့ပေါင်းပြီး လုပ်တယ်လို့ ကြားရတယ်။ ဦးလဆန်အောင်ဝါအဖွဲ့က တောင်းတဲ့သစ်တွေကိုယူမယ် ပြီးတော့ နှောင်ချိန်း(CF)အဖွဲ့က မြေယူမယ်ဆိုပြီး ကြားရတယ်။ အဲဒါတောင် သူတို့လုပ်ငန်းလုပ်နေတဲ့နေရာအထိ မရဲတရဲနဲ့ သွားမေးမှ ပြောပြတာ"ဟု ဦးလအောင်က ပြောသည်။

နှောင်းခူးကျေးရွာအတွင်းသို့ လဆန်အောင်ဝါနှင့် နှောင်ချိန်းကျေးရွာမှ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအဖွဲ့ (CF)တို့လုပ်ငန်းစတင်ဝင်လာချိန်တွင် တံတားတည်ဆောက်မည်ဆိုကာ ဒေသခံအမျိုးသမီးတစ်ဦး စိုက်ပျိုးထားသည့် ဝါးများကို ခွင့်ပြုချက်မယူဘဲ ခုတ်လှဲပြီး တံတားမတည်ဆောက်ဘဲ ၎င်းတို့၏ ကားဖြင့်သယ်ဆောင်သွားကြောင်း၊ ယင်းဝါးများ မခုတ်ထွင်မီတွင် ၎င်းတို့က သေနတ်များဖြင့် မိုးပေါ်သို့ ထောင်ဖောက်ခြင်း ပြုလုပ်ခဲ့ကြောင်း ဒေသခံများ၏ ပြောကြားချက်များအရ သိရသည်။


ခုတ်ထွင်ရှင်းလင်းမှုကျော်ရှိသော တောင်

ဓါတ်ပုံ - မွန်းမွန်းပန်

"အပြစ်မဲ့ပြည်သူတွေကို အဲဒီလို လက်နက်တွေနဲ့ ခြောက်လှန့်နေတာတွေကိုလည်းလုံးဝအလိုမရှိဘူး။ အခုဆိုရင်လည်း သေနတ်နဲ့ မိုးပေါ်ကို ၄၊ ၅ ချက်လောက် ချိန်ပစ်ပြီးတော့မှ သစ်ပင်တွေ ခုတ်နေကြတယ်။ ဘာလို့ အဲဒီလိုတွေ ပစ်သလဲဆိုတော့ ရွာသားတွေ လာတားမှာစိုးလို့ လာမတားအောင်၊ မလာအောင်ဆိုပြီး ကြောက်အောင် ခြောက်တာတဲ့"ဟု ဦးလအောင်က ပြောပြသည်။

၎င်းတို့ အဖွဲ့ကပဲ ယခင်နှစ်ကလည်း တောင်သူများ မှီခိုလုပ်ကိုင်နေသည့် တောင်နှင့်ကုန်းမြေအချို့သို့ ဝင်ရောက်ပြီး ငှက်ပျောစိုက်ခင်းများ လုပ်ကိုင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော့်ကို ရွာသားတွေရဲ့ခေါင်းဆောင်ဆိုပြီး ဝါးကန်ရှိတဲ့ခြံကို ရိုက်ပြီးခေါ်သွားတယ်။ ပြီးတော့ ထိပ်တုံးခတ်ထားပြီးသစ်လာခုတ်တဲ့သူတွေကို မတားနဲ့ တားရင်မလွှတ်ပေးဘူးလို့ ပြောတယ်။ ဒါနဲ့ ကျွန်တော်လည်း နောက်ဆိုမတားတော့ပါဘူးဆိုပြီး လက်မှတ်ထိုးပေးလိုက်ရတယ်။ ပြီးတော့မှ ချော့မော့ပြီး မိဘတွေက သွန်သင်တယ်လို့ပဲ စိတ်ထဲမှတ်ပါလို့ပြောပြီး ကားနဲ့ပြန်လိုက်ပို့ခဲ့တယ်"ဟု ဒေသခံအမျိုးသားတစ်ဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောပြသည်။

မွန်းမွန်းပန်

# ဘာသာရပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ရူပဗေဒအသင်းက ဗိုလ်စွဲ

ဖေဖော်ဝါရီ ၂၀

မြစ်ကြီးနားတက္ကသိုလ်၏ ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ရူပဗေဒအသင်းက ဗိုလ်စွဲသွားကြောင်း သိရသည်။

ထိုဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲ ပွဲစဉ်အား ဖေဖော်ဝါရီလ ၂၀ ရက် ညနေပိုင်းတွင် တက္ကသိုလ်ဘောလုံးကွင်း၌ ကျင်းပခဲ့ပြီး ထိုဗိုလ်လုပွဲတွင်ရူပဗေဒနှင့် ပထဝီအသင်းတို့က ဗိုလ်လုခဲ့ကြရာ ရူပဗေဒအသင်းက လေးဂိုးဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့ခြင်း ဖြစ်သည်။

ရူပဗေဒအသင်းသည် ဆီမီးဖိုင်နယ်တွင် ဥပဒေအသင်းနှင့်လည်းကောင်း ကွာတားဖိုင်နယ်တွင် အင်္ဂလိပ်နှင့်လည်းကောင်း၊ ပထဝီအသင်းက ဆီမီးဖိုင်နယ်တွင် ဘူမိဗေဒအသင်းနှင့်လည်းကောင်း၊ ကွာတားဖိုင်နယ်တွင် ရုက္ခဗေဒအသင်းတို့နှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရာ အသီးသီးအနိုင်ရရှိခဲ့ကြသောကြောင့် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

တတိယဗိုလ်လုပွဲကို ဖေဖော်ဝါရီလ ၁၉ ရက်တွင် ဥပဒေအသင်းနှင့် ဘူမိဗေဒအသင်းတို့က ယှဉ်ပြိုင်ကစားခဲ့ကြပြီး ထိုပွဲတွင် ဥပဒေအသင်းက အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ထိုကဲ့သို့ပင် အမျိုးသမီးပွဲစဉ်တွင်မူပထမဆုကို အင်္ဂလိပ်၊ ဒုတိယဆုကို သတ္တဗေဒ၊ တတိယဆုကို သမိုင်းဘာသာရပ်တို့က ရရှိခဲ့ကြသည်။

အဆိုပါ မြစ်ကြီးနားတက္ကသိုလ်၏ ဘာသာရပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် အမျိုးသားပွဲစဉ်ကို ညနေပိုင်းတွင်လည်းကောင်း အမျိုးသမီးပွဲစဉ်ကို နံနက်ပိုင်းတွင်လည်းကောင်း ကျင်းပခဲ့ကြခြင်းဖြစ်သည်။

၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်တွင် ပြုလုပ်သည့် မြစ်ကြီးနားတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို အသင်း ၁၄ သင်းက အုပ်စု ၄ စုခွဲကာ ဖေဖော်ဝါရီလ ၇ ရက်နေ့မှ စတင် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ယမန်နှစ်က ကျင်းပခဲ့သည့် မြစ်ကြီးနားတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဥပဒေအသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

Salai

# နဲ့ဝယ်နေတဲ့စနစ်ကို ပြင်လိုက်နိုင်လို့



ဇော်နိုင်ဦး
မေးမြန်းသည်

**ျှယ် တရားလွှတ်တော်ရှေ့နေတစ်ဦးဖြစ်သည်။**
**ကို လိုက်ပါဆောင်ရွက်ပေးနေသူဖြစ်သည်။**

**များရှိသော်လည်း ဖေဖော်ဝါရီလ**
**န်းထားသည့် မူးယစ်ထုံထိုင်း**
**းဆိုင်ရာဥပဒေဟူ၍**
**၊ ပြင်ဆင်ပြည့်စွက်ခြင်း၊**
**ာင်ဒဏ် ၅ နှစ်မှ နှစ်ပေါ် င်း**
**ွင်း၌ ကုန်လွန်နေစေခြင်း၊**
**ည်။**

**လောက်အောင် ရှင်းလင်းခြင်းမရှိသဖြင့် ပြည်သူများကို အယူအဆနှင့်အဓိပ္ပါယ်ကောက်လွဲမှားနေစေပါသ ရှေ့နေများကုမ္ပဏီနှင့်ချိတ်ဆက်ကာ ယင်းဥပဒေပါအချက်များကို အများပြည်သူနားလည်လွယ်အောင် စ်ဦးဖြစ်သူ၊ ကုမ္ပဏီ၏ Managing Directorတရားလွှတ်တော်ရှေ့နေ ဦးတင်ထွန်းသိန်းနှင့်**

တာပဲ။ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရင်တော့ နဂိုအတိုင်း ဖမ်းမှာပဲလေ အဲဒါတော့ပူစရာ မလိုပါဘူး။

အခုက ထောင်တွေမှာလည်း လူတွေကပြည့်နေပြီလေ။ (မြန်မာနိုင်ငံရှိ အကျဉ်းသားဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ မူးယစ်ဆေးဝါးမှုဖြင့် ပြစ်ဒဏ်ကျခံနေရသူများဖြစ်)။ နေရာတကာ အစိုးရကိုချည်းပဲ အားကိုးနေလို့မရဘူး၊ ကိုယ့်သားသမီးသူ့သားသမီးတွေကို ကိုယ့်ဟာကိုယ် ဝိုင်းဝန်းထိန်းသိမ်းပေးဖို့ ကိုယ်လည်းတာဝန်ရှိတယ်လေ။ လူတွေကို ထောင်ထဲထည့်ထားတာနဲ့ တိုင်းပြည်အတွက် ဘာမှအကျိုးမရှိဘူး။ နိုင်ငံတော်စရိတ်ကုန်တယ်၊ တစ်နှစ်တစ်နှစ်ကို လူဦးရေရာကြီးပိုင်း၊ ထောင်ပိုင်းလောက် ထောင်ထဲရောက်နေတာ ဘာမှအကျိုးမရှိဘူး။ ထောင်ထဲရောက်လို့များ အဲဒီလူတွေ ပြတ်မယ်ထင်လို့လား။ ပြန်ထွက်လာရင်ချတာပဲ၊ ထောင်ထဲမှာ ပညာတွေတောင် ပြန်စုံလာသေးတယ်။ ဘိန်းဖြတ်ဆေးရုံတက်လည်း ဒီတိုင်းပဲ၊ အခုလိုလုပ်လိုက်ပြီး အချိန်မီစာရိတ္တပိုင်းပြင်ပေးမယ်ဆိုရင် နိုင်ငံတော်အတွက် သားကောင်းသမီးကောင်းတွေ ထွက်လာမှာပါ။

ပုဒ်မ- ၁၅ သုံးစွဲမှုဆိုတာလည်း မပြင်ခင်ကအဓိပ္ပါယ်မရှိဘူးလေ၊ သုံးစွဲမှုတစ်မျိုးတည်းနဲ့ ထောင်ချတယ်ဆိုတာရှိမှမရှိတာ။ မှတ်ပုံတင်ပြီးသုံးရမယ်၊မှတ်ပုံမတင်ရင်ပုဒ်မ ၁၅ နဲ့အရေးယူမယ်ဆိုတာလည်း အဓိပ္ပါယ်မှမရှိတာ၊ မှတ်ပုံကလည်း တင်ခွင့်မပေးဘူးလေ။

**မေး - ဒါဆို မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရင်တော့ နည်းနည်းများများ နဂိုအတိုင်းဖမ်းဆီး အရေးယူမှာပေါ့နော်။**

ဖြေ - အရင်အတိုင်း အရေးယူမှာပဲလေ။ အခုဟာက သုံးစွဲတဲ့ကိစ္စကိုပဲထိတာ၊ ကျန်တဲ့ပုဒ်မတွေ ထိမထားဘူး။

**မေး - ဥပဒေပြင်လိုက်ခြင်းအားဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုတိုက်ဖျက်ရေးလုပ်ငန်းက ထိရောက်မယ်လို့ ဆရာထင်လားဗျ။**

ဖြေ - ထိရောက်နိုင်ပါတယ်။ ဒီဥပဒေအတိုင်း မူဝါဒတစ်ရပ်အနေနဲ့ ဖော်ဆောင်ပြီးလုပ်မယ်ဆိုရင်၊ လူထုလည်း ပါဝင်မယ်ဆိုရင်တော့ အင်မတန်ထိရောက်မယ့်ကိစ္စပါ။ မိဘတွေကလည်း ထောင်ထဲ သုံးလေးနှစ်ထက်စာရင် ထည့်မှာပဲလေ။ လူမှုရေးပြစ်ဒဏ်ဆိုတော့ အစ်ကိုဖြစ်ဖြစ်ကျွန်တော်ဖြစ်ဖြစ်။ ဟယ်လို . . ကျွန်တော့်သားမူးယစ်ဆေးဝါးသုံးတယ်. . . ဒါပဲ. . ပြီးပြီ။ နို့မို့ဆိုရင် ဒီကောင်တွေက ပိုပိုဆိုးလာဖို့ပဲရှိတယ်။ နိုင်ငံတော်က ဖြတ်လည်း ဖြတ်ပေးတယ်။ ပညာတွေ ဘာတွေလည်း သင်ပေးဦးမယ်ဆိုတော့ ထိရောက်မှာပါ။ ပြုပြင်ပြောင်းလဲရေး အမြင်အရတော့ တော်တော်ကြီးကို လက်ခံရမယ့်အနေအထားမှာရှိပါတယ်။

**မေး - တချို့သိချင်နေကြတာက ဒီဥပဒေအတည်မပြုခင်အဖမ်းခံထားရပြီး ထောင်မကျသေးတဲ့သူတွေကော ဒီဥပဒေရဲ့အကျိုးကိုခံစားရနိုင်လားဆိုတဲ့ကိစ္စဆရာ။**

ဖြေ - အကျုံးမဝင်ဘူး၊ ဒီဥပဒေအတည်ပြုပြီးနောက် အဖမ်းခံရတဲ့သူများသာလျှင် အကျုံးဝင်ပါမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာရော၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေမှာရော ဖော်ပြထားတယ်။ နောက်ကြောင်းပြန် အာဏာသက်ရောက်အောင် ပြဋ္ဌာန်းခွင့်မရှိစေရလို့ ပါတယ်။

**မေး - ဟုတ်ကဲ့ ဥပဒေကို အဓိပ္ပါယ်ကောက်လွဲမှားပြီး ပြည်သူတွေ အန္တရာယ်မဖြစ်အောင် အခုလိုရှင်းလင်းဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။ ဆရာ့ကို ကျွန်တော် မေးဖို့ကျန်ခဲ့တာရှိရင်ဖြစ်ဖြစ်၊ ဆရာ့အနေနဲ့ စာဖတ်ပရိသတ်ကိုပြောလိုတာဖြစ်ဖြစ် တစ်ခုခုဖြည့်စွက်ပြောပေးပါဦး။**

ဖြေ - ကျွန်တော်ပြောချင်တာကတော့ မိဘတွေကိုပါ။ ကိုယ့်သားသမီးတွေ အချုပ်ထဲရောက်၊ ထောင်ထဲရောက် ရုံးထုတ်တွေ ဧကာဧကာလာငွေကုန်ကြေးကျခံ၊ တရားရင်ဆိုင်မလား။ ကိုယ့်သားသမီးတွေ သုံးစွဲတာသိသိချင်း ဆေးကုသမှုခံဖို့ သက်ဆိုင်ရာကိုအကြောင်းကြားမလား စဉ်းစားစေချင်ပါတယ်။ မိဘတွေအနေနဲ့ကိုယ့်ကလေးကို ဖမ်းသွားတဲ့အချိန် ထိစောင့်နေမှာလား။ သူ့အချုပ်ထဲရောက်၊ထောင်ထဲရောက်မှ ထောင်ဝင်စာလာပေး၊ သူလိုတာဝယ်ပေးလုပ်ပြီး ဟိုဌာနဆိုင်ရာကို မျက်နှာငယ်နဲ့တွေ့၊ ဒီဌာနဆိုင်ရာကို မျက်နှာငယ်နဲ့တွေ့ လုပ်မလား။ သုံးတာသိသိချင်း စာရိတ္တပြုပြင်တဲ့ဘက်ကို သွားမလား။ မိဘတွေကို စဉ်းစားဖို့ တိုက်တွန်းချင်တာပါ။

ဇော်နိုင်ဦး

■

# Movie View

**▶ ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

ရက်စွဲ - ဖေဖော်ဝါရီ ၂၃ မှ မတ် ၁ ရက်ထိ
မြန်မာကား - အနမ်းဝိုင်
ပွဲချိန် - နေ့လယ် ၁၂ နာရီ ၆ နာရီခွဲ
နိုင်ငံခြားကား - Dimension
ပွဲချိန် - ည ၉ နာရီခွဲ






## အမည်ပြောင်းအသိပေးကြေညာခြင်း

ပူတာအိုမြို့နယ်၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ (အထကပူတာအို)ဒသမတန်း (B) တွင် တက်ရောက်နေသော မောင်ကျော်စောဟန်၏ ဖခင်အမည် ဦးအောင်မျိုးမြင့်ဟု မှားယွင်းနေသောကြောင့် ဖခင်အမည်ရင်းမှန်မှာ ဦးစိုးတင့်လွင် (၈/ ပမန (နိုင်) ၀၀၃၄၄၁) ဖြစ်ကြောင်းတရားဝင် အသိ ပေး ကြေညာအပ်ပါသည်။






# အိမ်ထောင်ရှင် အလှမယ်ပြိုင်ပွဲတွင် ကချင်ပြည်နယ်ကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ် ငါးဦးကိုရွေးချယ်

ဖေဖော်ဝါရီ ၁၈

Myanmar Male Pageant Academy က ကြီးမှူးကျင်းပသော MRS PEACE AMBASSADOR OF MMPA KACHIN STATE 2018 အိမ်ထောင်ရှင်အလှမယ် ပြိုင်ပွဲတွင် ကချင်ပြည်နယ်ကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ်ငါးဦးကို ရွေးချယ်ခဲ့သည်ဟု သိရသည်။

အဆိုပါ အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၇ ရက်နေ့က မြစ်ကြီးနားမြို့ရှိ ရွှေပြည်စံခန်းမတွင် ကျင်းပခဲ့ပြီး ထိုပြိုင်ပွဲတွင် မြစ်ကြီးနားကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ် Mrs Peace Ambassador Myitkyina 2018 အဖြစ် ဖြူမာဝင်း၊ ပန်းမော်ကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ် Mrs Peace Ambassador Bamaw 2018 အဖြစ် ချယ်ရီမိုင်းမိုင်၊ မိုးညှင်းကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ် Mrs Peace Ambassador Mohyin 2018 အဖြစ် ဆန်းအိဖြူဖွေး၊ ဖားကန့်ကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ် Mrs Peace Ambassador Phakant 2018 အဖြစ် ဆိုင်းဂျာထွယ်နှင့် ပူတာအိုကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ် Mrs. Peace Ambassador Putao အဖြစ် လာမာညိုတို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်းရှိ အိမ်ထောင်ရှင် အမျိုးသမီးများ အနေဖြင့် အိမ်တွင်း၌ အိမ်ထောင်မှုကိစ္စများဖြင့်သာ အချိန်မကုန်စေဘဲ မိမိတို့၏အလှတရားများကို တန်ဖိုးထားထိန်းသိမ်းတက်စေရန်နှင့် နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်နိုင်ရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း Myanmar Male Pageant Academy မှ တာဝန်ရှိသူမငြိမ်းထက်ဝင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အစ်မတို့က အမျိုးသမီးတွေအိမ်တွင်းမှာပဲနေပြီး ဘဝကိုမဆုံးစေဘဲနဲ့ လောကကြီးကို မိမိတို့အလှနဲ့ အလှဆင်နိုင်စေဖို့ရယ်၊ အိမ်ထောင်ရှင်အမျိုးသမီးတွေကြီးကလည်း နိုင်ငံတော်အတွက် အကျိုးရှိမယ့်အခန်းကဏ္ဍတွေမှာ ပါဝင်နိုင်တယ်ဆိုတာ နားလည်သဘောပေါက်လာစေရန် ဖြစ်ပါတယ်" ဟု မငြိမ်းထက်ဝင်းက ပြောသည်။

ထို့အပြင် Mrs Peace Ambassador Second Runner up ဆုကို ငြိမ်းရတနာထွန်း၊ Mrs Peace Ambassador First Runner up ဆုကို နှင်းသီတာအောင်၊ Mrs Photogenic 2018 ဆုကို ကလျာရွှေဥနှင့် Mrs People Choice Award 2018 ဆုကို ယွန်းနဒီမောင်တို့ကရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၃ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်ဟု သိရသည်။

ကချင်ပြည်နယ်ကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ်အဖြစ်ရွေးချယ်ခံခဲ့ရသော အလှမယ်ငါးဦးသည် ရန်ကုန်မြို့တွင် မေလ၌ ကျင်းပည့် Mrs Peace Ambassador Myanmar 2018 ပြိုင်ပွဲသို့ ထပ်မံသွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်းထွယ်ဖင်

# ဒီဇိုင်နာ Galau Zung Ki ၏ တေးစီးရီးကို မတ်လပထမအပတ်တွင် ဖြန့်ချိသွားမည်

ဖေဖော်ဝါရီ ၁၀

ဖက်ရှင်ဒီဇိုင်နာ Galau Zung Ki ၏ Kachin songs ; 30 Years Ago အမည်ရ တေးစီးရီးကို မတ်လပထမအပတ်တွင် ကချင်ပြည်နယ်တစ်ပြည်နယ်လုံးသို့ ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တေးစီးရီးတွင် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်က အောင်မြင်ကျော်ကြားခဲ့သည့် ကချင်တေးသံရှင်တို့၏ သီချင်းများကို တေးသံရှင် Glau Zung Ki က ပြန်လည်သီဆိုထားခြင်းဖြစ်ကြောင်း သိရသည်။

ထိုတေးစီးရီးကို ShingNi Hka Production က ထုတ်လုပ်မည်ဖြစ်ပြီး ယင်းစီးရီးတွင် Uyen Sinwa, ဒေါက်တာခေတ်အောင် (ကချင်ပြည်နယ် ဝန်ကြီးချုပ်)၊ ဒါ့ရှီနောင်လတ်၊ Tingkaw Tawng, Ahgu Hkaw Ram, Kyang Luk Tu Tu Nawhpwi Hkun Nawng, လဗျယောဟန်၊ လဖိုင်လဂျာ၊ Jenghpang HKun Naw နှင့် Daniel Ela တို့ သီဆိုရေးသားထားခဲ့သော သီချင်းဟောင်းများကို ထည့်သွင်းသီဆိုထားကြောင်း တေးသံရှင် Galau Zung Ki က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အခုစီးရီးလေးက အရင်တချိန်က အောင်မြင်ကျော်ကြားခဲ့တဲ့သီချင်းတွေကို ပြန်ဆိုတာဖြစ်တဲ့အတွက် အဲဒီခေတ်အခါမှာ ကြီးပြင်းခဲ့ကြတဲ့သူတွေအဖို့တော့ အတိတ်ကိုပြန်ပြောင်း သတိရစေမှာအမှန်ပါပဲ။ အခုခေတ်လူငယ်လေးတွေအတွက်လည်း ရသအသစ်တွေ ပေးစွမ်းနိုင်မယ့် သီချင်းကောင်းလေးတွေပါ" ဟု Galau Zung Ki က ပြောသည်။

ယင်းစီးရီးကို NBG Band က တာဝန်ယူတီးခတ်ပေးထားပြီး Amazing စတူဒီယိုတွင် အသံသွင်းထားခြင်းဖြစ်ကာ စီးရီးတစ်ခုလုံးအတွက် Harmony ကို Shingni Hka အဖွဲ့က သီဆိုပေးထားကြောင်း သိရသည်။

ဖက်ရှင်ဒီဇိုင်နာ Galau Zung Ki သည် တေးစီးရီးပေါင်း ၃၀ ကျော်ခန့်တွင် ပါဝင်သီဆိုခဲ့ဖူးသော တေးသံရှင်ဖြစ်သည်။

ဆိုင်းထွယ်ဖင်





## လူပျောက်ကြေညာခြင်း




ဤဓာတ်ပုံတွင်ပါသော (၁/မကန (နိုင်)၀၀၈၀၇၅) ကိုင်ဆောင်ထားသည့် ဒေါ်ဂျာဗိုင် အသက် (၄၇) နှစ် အရွယ်သည် ဖေဖော်ဝါရီလ ၁၂ ရက် နေ့လယ် ၂ နာရီ ခန့်တွင် နေအိမ်မှထွက်သွားရာယနေ့ထိ ဆက်သွယ်၍မရသောကြောင့် မိသားစု များက စိုးရိမ် စိတ်ပူပန်ရပါသည်။
ထို့ကြောင့် ဒေါ်ဂျာဗိုင်ကို နေအိမ်သို့ အမြန်ဆုံးပြန်လာပေးပါရန် မိသားစုများက မျှော်လင့်နေပါသည်။ ဒေါ်ဂျာဗိုင်ကို ခေါ်ဆောင်ထားသူအား ဥပဒေအရ အရေးယူဆောင်ရွက်သွားပါမည်။ တွေ့ရှိပါက အောက် ဖုန်းနံပါတ်များကို ဆက်သွယ်ပေးနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - 09 - 440 247 728
09 - 788 693 741
09 - 455 797 296

အိမ်အမှတ် ၄/၂၉၊ မန်စိန်ရပ်ကွက်၊ မြစ်ကြီးနားမြို့

## လူပျောက်ကြေညာခြင်း



ဤဓာတ်ပုံတွင်ပါသော အသက် (၆၀) ဦးကျော်အောင်သည် (၁၂-၂-၂၀၁၈) ရက်နေ့ ၂ နာရီ ကျော်အချိန်ခန့်တွင် မြစ်ဆုံ၌ ရေဆင်းရိုးရာ မှ ရေထဲပျောပါ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ အောက်ပါ ဖုန်း နံပါတ်များသို့ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံ အကူအညီတောင်း ခံအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း - 09- 443 207 246
09- 969 806 909
09- 448 016 088

မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဟိုပင် ⇄ မိုးညှင်း ⇄ ရန်ကုန်



မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀ | နေ့စဉ်ပုံမှန် ၂ ကြိမ်
မြစ်ကြီးနားမှ ညနေ ၃:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀ | ပြေးဆွဲပေးနေပါသည်
မြစ်ကြီးနားမြို့တွင်း ခရီးသည်ကြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ ဧည့်ခံ၍ ဝန်ဆောင်မှုပေးနေပါသည်

ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ချားစရာ အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဟိုပင် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493

လက်မှတ်အရောင်းဆိုင်နှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇)၊ မင်းရပ်ရပ်ကွက်၊ ဘုတာကြီးရှေ့ မြစ်ကြီးနား
Ph: 09-404895206, 09-404895207

VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။

## FA ဖလား ရှုံးထွက်ပွဲစဉ်တွင် မိမိအသင်းအနိုင်ရရှိသွားသော ဝီဂန်အသင်းအား ချီးကျူးဂုဏ်ပြုကြောင်း မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာပြောဆို



မန်စီးတီးအသင်း၏ နည်းပြဖြစ်သူ ဂွါဒီယိုလာက FA ဖလား ပဉ္စမအဆင့် ရှုံးထွက်ပွဲစဉ်တွင် မန်စီးတီးအသင်းအား (၁-၀)ဂိုးဖြင့် အနိုင်ယူကာ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သော ဝီဂန်အသင်းအား ချီးကျူးဂုဏ်ပြုကြောင်း ပြောဆိုလိုက်သည်။

အဆိုပါပွဲစဉ်တွင်မန်စီးတီးအသင်း၏ ကွင်းလယ်ကစားသမား ဒေလဖ်ယန်ဒွဲဖ်သည် ပွဲချိန် ၄၅ မိနစ်တွင် အနီကဒ်ပြ ထုတ်ပယ်ခံရခြင်းကြောင့် မန်စီးတီးအသင်းမှာ ဒုတိယပိုင်းတွင်ကစားသမားတစ်ယောက်လျော့ဖြင့် ဝီဂန်အသင်းအား ရင်ဆိုင်ခဲ့ရပြီး ပွဲချိန် ၇၉ မိနစ်တွင်ဝီဂရစ်ဂျ်၏တစ်လုံးတည်းသော အနိုင်ဂိုးကို ခွင့်ပြုခဲ့ရသည်။ အဆိုပါပွဲအပြီးတွင် ဂွါဒီယိုလာက "ဝီဂန်အသင်းရဲ့ အရည်အသွေးကို ဂုဏ်ပြုချင်ပါတယ်။ ကျွန်တော်တို့အသင်းက အမှားတချို့လုပ်ခဲ့မိပြီး အရှုံးကိုလက်ခံရမှာပါ။ ဒီအရှုံးကို သင်ခန်းစာယူပြီး အာဆင်နယ်အသင်းနဲ့ ကစားရမယ့် EFL ဗိုလ်လုပွဲအတွက်ပဲ အာရုံစိုက်ပြင်ဆင်ရတော့မှာပါ"ဟု BBC Sport သို့ ပြောကြားသွားခဲ့ကြောင်း သိရသည်။

## စပါးတိုက်စစ်မှူး ဟာရီကိန်းအား ရီးရဲလ်အသင်းသို့ ရောက်ရှိစေရန် စီရော်နယ်ဒိုဆန္ဒရှိကြောင်း သတင်းများထွက်ပေါ်




ရီးရဲမက်ဒရစ်အသင်း၏ တိုက်စစ်မှူး စီရော်နယ်ဒိုသည် ပရီးမီးယားလိဂ်ကလပ် တော့တင်ဟမ်ဟော့စပါးအသင်းမှ တိုက်စစ်မှူးဟာရီကိန်းအားရီးရဲလ်အသင်းသို့ ရောက်ရှိလာစေရန် ဆန္ဒရှိနေကြောင်း သိရသည်။

စပိန်သတင်းစာတစ်စောင်ဖြစ်သော Don Balon ၏ဖော်ပြချက်အရရီးရဲလ်မက်ဒရစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းအားကြီးကြီးမားမား ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်သွားရန် အစီအစဉ်ရှိနေပြီး ပြောင်းရွှေ့ကြေး အမြောက်အမြားအသုံးပြု၍ ကမ္ဘာ့အဆင့်ကစားသမားများ ထပ်မံခေါ်ယူနိုင်ရန် ကြိုးပမ်းသွားမည်ဟု သိရသည်။ အဆိုပါကစားသမားများတွင် စပါးတိုက်စစ်မှူးဟာရီကိန်းမှာ အဓိကပါဝင်နေပြီး ၎င်းအတွက် ပေါင်သန်း ၂၀၀ ခန့် အသုံးပြုသွားရန် စီစဉ်နေသည်ဟု ဖော်ပြခဲ့သည်။ ထို့အပြင် ရီးရဲလ်အသင်း၏ အဓိကကစားသမားစီရော်နယ်ဒိုကလည်း အသင်း၏ လက်ရှိတိုက်စစ်မှူးများထက် ဟာရီကိန်းကို ပိုမိုအလိုရှိနေကြောင်း Don Balon က ဖော်ပြထားသည်။

## တောင်ပံကစားသမား မာနေးအား လစာ ၂ဆပေး၍ စာချုပ်သစ်ချုပ်ဆိုရန် လီဗာပူးအသင်းပြင်ဆင်နေကြောင်း သိရ




ပရီးမီးယားလိဂ် အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နေသော လီဗာပူးအသင်းသည် အသင်း၏ တောင်ပံကစားသမားမာနေးအားလက်ရှိလစာ၏နှစ်ဆပေး၍ စာချုပ်သစ်ချုပ်ဆိုရန် ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ်ရှိ ဆီနီဂေါလက်ရွေးစင် တောင်ပံကစားသမားတစ်ဦးဖြစ်သူ မာနေးသည် ၂၀၁၆ ခုနှစ်တွင် ဆောက်သမ်တန်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့သူတစ်ဦးဖြစ်သည်။ လီဗာပူးအသင်းသည် ဘရာဇီးလ်ကွင်းလယ်လူ ကော်တင်ဟိုအားဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ပြီးနောက် အသင်း၏ အဓိကကစားသမားများအား ထပ်မံလက်မလွှတ်ရစေရန်ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။ မာနေးသည်လီဗာပူးအသင်းတွင်တစ်ပတ်လုပ်ခပေါင် ၈၀၀၀၀ ရရှိနေသော လက်ရှိစာချုပ်မှာ သက်တမ်း ၃ နှစ်ကျန်ရှိနေသေးပြီး ၎င်းလစာထက် နှစ်ဆတိုး၍ စာချုပ်ချုပ်ဆိုရန် လီဗာပူးအသင်းက ပြင်ဆင်နေခြင်းဖြစ်သည်။

## အသက်အကြီးဆုံး ကမ္ဘာနံပတ်(၁)တင်းနစ်သမားဖြစ်လာသည့် ဆွစ်ဇာလန်တင်းနစ်အကျော်အမော် ဖက်ဒါရာ



လက်ရှိ ကမ္ဘာ့တင်းနစ်အားကစားလောက၏ နာမည်ကြီးတင်းနစ်အကျော်အမော်တစ်ဦးဖြစ်သူ ဆွစ်ဇာလန်တင်းနစ်ကစားသမား ရော်ဂျာဖက်ဒါရာသည် ကမ္ဘာ့တင်းနစ်သမိုင်းတွင် အသက်အကြီးဆုံး ကမ္ဘာ့နံပတ်(၁)တင်းနစ်ကစားသမားအဖြစ် မှတ်တမ်းဝင်ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ဖက်ဒါရာသည် အသက် ၃၆ နှစ် အရွယ်ဖြင့် ကမ္ဘာ့နံပတ်(၁)နေရာကို ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သောကြောင့် ယခင်က အသက် ၃၃ နှစ်အရွယ်ဖြင့် စံချိန်တင်ထားသူ အဂါစီထက် ၃ နှစ်သာရကာ စံချိန်မှတ်တမ်းဝင်ခဲ့ခြင်းလည်း ဖြစ်သည်။ ထို့ပြင် ဖက်ဒါရာသည် ကမ္ဘာ့နံပတ်(၁) ထိပ်ဆုံးနေရာနှင့် ၂၀၁၂ခုနှစ်အောက်တိုဘာလကတည်းက ဝေးကွာနေခဲ့ရာမှ အံ့ဖွယ်တစ်ကျော့ပြန် ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ဖက်ဒါရာက "ဒါဟာ ကျွန်တော့်အတွက် အံ့အားသင့်ဖွယ် အဓိပ္ပာယ်များစွာနဲ့ ပြည့်နှက်နေတဲ့ အခိုက်အတန့်တစ်ခုလို့ ညွှန်းဆိုရမှာ၊ ကမ္ဘာ့နံပတ်(၁)နေရာဟာ ကျွန်တော့်အတွက် အလွန်အရေးပါတဲ့အရာတစ်ခုပါ"ဟု ပြောကြားခဲ့ကြောင်းလည်း သိရသည်။

ကိုမြင့်မိုး (TU)

မြစ်ကြီးနားသတင်းဂျာနယ်အား လက်ပွေ့ရောင်းချလိုသူများအနေဖြင့် အပတ်စဉ်သောကြာနေ့တိုင်း မြစ်ကြီးနားသတင်းဂျာနယ်တိုက်တွင် လာရောက်ဆက်သွယ်မှာယူနိုင်ပါသည်။










# MMA Light Heavy Weight ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် မစ်ဒယ်ဝိတ်တန်း လက်ရှိကမ္ဘာ့ချန်ပီယံ အောင်လအင်ဆန်နှင့် ဘရာဇီးလ်နိုင်ငံသား အလက်ဇန္ဒားမာချာဒိုတို့ ယနေ့ညယှဉ်ပြိုင်ထိုးသတ်မည်

ကိုယ်ခံပညာဘက်စုံသုံး MMA ပြိုင်ပွဲ၏ လိုက်ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ကြမည့် MMA မစ်ဒယ်ဝိတ်တန်း လက်ရှိချန်ပီယံအောင်လအင်ဆန်နှင့် ဘရာဇီးလ်နိုင်ငံသား အလက်ဇန္ဒားမာချာဒိုတို့၏ ယှဉ်ပြိုင်ထိုးသတ်မှုကို ဖေဖော်ဝါရီလ ၂၃ ရက် ည ၇ နာရီမှ စတင်၍ရန်ကုန်မြို့ရှိ သုဝဏ္ဏ အမျိုးသားအားကစားရုံ (ဝ) တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲ Title အဖြစ် Quest For Gold ဟု အမည်ပေးထားသော အဆိုပါပြိုင်ပွဲတွင် အောင်လအင်ဆန်နှင့် မာချာဒိုတို့၏ အဓိကတွဲဆိုင်းအပါအဝင် အခြားတွဲဆိုင်း ၇ တွဲလည်း ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကာ ပရိသတ်အားပေးမှု ရရှိနေသောလူငယ်ကစားသမား ဖိုးသော်က ကမ္ဘောဒီးယားနိုင်ငံသား ဆိုဆေးနှင့်ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ အောင်လအင်ဆန်သည် လက်ရှိ MMA မစ်ဒယ်ဝိတ်တန်းတွင် ကမ္ဘာ့ချန်ပီယံဖြစ်ပြီး ခြောက်လကျော်ကြာမြင့်လာသည်အထိ ယင်းအတန်းတွင် ယှဉ်ပြိုင်ထိုးသတ်မည့်ပြိုင်ဘက် မရှိသောကြောင့် ဝိတ်တန်းနှစ်ဆင့်တက်ကာ လိုက်ဟဲဗီးဝိတ်ချန်ပီယံလုပွဲ ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်သည်။

အောင်လအင်ဆန်သည် ယခုပွဲစဉ်ယှဉ်ပြိုင်ထိုးသတ်ရန်အတွက် မြန်မာနိုင်ငံသို့ တစ်ပတ်ခန့်ကြိုတင်လာရောက်နေထိုင်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံသို့ရောက်ရှိစဉ် ကလေးသူငယ်များ၊ ဒုက္ခသည်များနှင့် တွေ့ဆုံအားပေးခြင်း၊ လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ပြီးခဲ့သည့် အင်္ဂါနေ့က ရန်ကုန်မြို့ရှိRoseGardenဟိုတယ်တွင် ပွဲကြိုသတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားပုံများကို ရှင်းလင်းပြောကြားခဲ့ကာ လိုက်ဟဲဗီးဝိတ်ချန်ပီယံလုပွဲအတွက် အဆင်သင့်ဖြစ်နေပြီဟု ကြုံးဝါးပြောဆိုခဲ့ကြောင်း သိရသည်။

ကိုပြည့်စုံ(TU)